မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညောင်ဦးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့်
ရေဝတီတံတား(ပခုက္ကူ) သံပေါင်တင်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရေဝတီတံတား (ပခုက္ကူ) ပထမဆုံး သံပေါင်တင်မင်္ဂလာအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တံတားစီမံကိန်းဝန်ထမ်းများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်

ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လက်ပံခြေပေါ်ဘက်ကမ်း မင်္ဂလာသံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးပြီး ရေဝတီတံတား(ပခုက္ကူ) ပထမဆုံး သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

စက်ခလုတ်နှိပ် မတင်ပေး

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရေဝတီတံတား(ပခုက္ကူ) ပထမဆုံး သံပေါင်ကို စက်ခလုတ်နှိပ်၍ မတင်ပေးကြစဉ်။ (သတင်းစဉ်)

လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း (ကိုးပင် - သာဂရလမ်း)

ကိုးပင်-သာဂရလမ်းမကြီး ဖောက်လုပ်ရာတွင် အတက်အဆင်းမတ်စောက်သည့်နေရာမှ မြေများကို ဖယ်ရှားပြီး နိမ့်သောနေရာများတွင် ပြန်လည်ဖို့ရန် ဆောင်ရွက်နေစဉ်။

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ- ကျော်မိုးလွင်

နေပြည်တော် ဇန်နဝါရီ ၁၆

ပဲခူးရိုးမကြီးကို ကျွန်တော်သည် ကားတစ်စီးဖြင့် တတိယအကြိမ် ကျော်ဖြတ်ခွင့် ရခဲ့ပြန်သည်။ ပထမအကြိမ်က တိုက်ကြီးမှ ဖောင်ကြီး၊ ဖောင်ကြီးမှ ပဲခူးနှင့် ဒုတိယအကြိမ်က မင်းလှမှ စိန်ကန့်လန့်-မြို့ချောင်း-ပဲနွယ်ကုန်းအထိ ပဲခူးရိုးမကြီး၏ အနောက်ခြမ်းမှ အရှေ့ခြမ်းသို့ ဖြတ်ကျော်ခဲ့ပြီး ယခုတတိယအကြိမ် ဖြတ်သန်းခဲ့ရခြင်းသည် ပဲခူးရိုးမကြီး၏ အရှေ့ဘက်ခြမ်း သာဂရမှ အနောက်ဘက်ခြမ်း ကိုးပင်သို့ဖြစ်ပြီး မိုင်အားဖြင့် ၉၆ မိုင် ၃ ဖာလုံဖြစ်သည်။

အောင်မြင်မှုရယူ

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် နိုင်ငံတစ်ဝန်း တောင်နှင့်မြောက်သွယ်တန်းနေသော အလျားလိုက်လမ်းမကြီး ၃၆လမ်းနှင့် အရှေ့နှင့်အနောက်သွယ်တန်းနေသော ကန့်လန့်ဖြတ်လမ်းမကြီး ၄၅လမ်း စုစုပေါင်း လမ်းမကြီး ၈၁လမ်းကို တစ်နိုင်ငံလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုလမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာပြီး အဆိုပါလမ်းမကြီးများ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်အောင် တည်ဆောက်ပြုပြင်လျက်ရှိသကဲ့သို့ လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဘယ်ခေတ် ဘယ်အခါကမျှ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ပဲခူးရိုးမဖြတ်လမ်းများကို လမ်းမကြီး ခုနစ်လမ်းအထိ ဖြတ်သန်းဖောက်လုပ်ပြီး ရိုးမကို အောင်မြင်မှုရယူလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ❖

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်)

တိုးတက်မြင့်မားလာသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝပထဝီအနေအထားအရ မြစ်၊ ချောင်း၊ အင်းအိုင်ပေါများလှသည့်အတွက် တစ်နေရာနှင့် တစ်နေရာသွားလာရာတွင် ယခင်က ရေလမ်းကြောင်းကိုသာ အဓိကအားထားခဲ့ရသည်။ ယခုအခါ တိုင်းဒေသကြီးတစ်ခုလုံးကို မော်တော်ကားလမ်းကွန်ရက်များဖြင့် ဖြန့်ကြက်လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။

ထို့အတူ နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ဆေးရုံကြီးများကို ပြန်လည်တည်ဆောက်ပေးခဲ့သည့်အပြင် လပွတ္တာ ခုတင် (၂၀၀)ဆေးရုံကြီး၊ ဖျာပုံမြို့နယ် ခုတင်(၂၀၀) ဆေးရုံကြီးနှင့် ပြင်စလူမြို့ (၂၅)ခုတင်ဆေးရုံတို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ယခု လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ကို ဇန်နဝါရီလ ၁၃ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ ဆေးရုံသစ်ကြီးများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ မိမိတို့၏ခရိုင်၊ မြို့နယ်များအတွင်းမှာပင် လက်လှမ်းတမီ ဆေးဝါးကုသနိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း သာလွန်ကောင်းမွန်ရန် နိုင်ငံတော်အစိုးရက ခုတင်(၂၀၀)ဆေးရုံ ငါးရုံ၊ ခုတင်(၁၀၀)ဆေးရုံ သုံးရုံ၊ ခုတင်(၅၀)ဆေးရုံ ငါးရုံ၊ (၂၅)ခုတင် ဆေးရုံ ၁၆ ရုံ၊ တိုက်နယ်ဆေးရုံ ၆၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၂၀၃ ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၄၂ခု၊ ဒေသန္တရကျန်းမာရေးဌာန သုံးခု၊ ကျောင်းကျန်းမာရေးအဖွဲ့ ကိုးဖွဲ့၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံနှင့် တိုင်းရင်းဆေးကုဌာန ၃၁ ခုကို ထူထောင်ပေးခဲ့သည်။

ဒေသခံလူငယ်လူရွယ်များ ဒေသတွင်းမှာပင် ကျန်းမာရေးပညာများ လက်လှမ်းတမီသင်ယူပြီး ဒေသ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အလုပ်အကျွေးပြု ပါဝင်ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအတွင်း သူနာပြုသင်တန်းကျောင်းနှစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်းတစ်ကျောင်းကိုလည်း ဖွင့်လှစ်ထူထောင်ပေးခဲ့သည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်သာမက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသည်လည်း ပိုမိုတိုးတက် မြင့်မားလာခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမှာ တစ်နေ့တခြား ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေး အလွဲသုံးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းရှိန် ဟောပြောစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

ယောနယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ယောနယ်အသင်း(ရန်ကုန်)၏ အကြိမ်(၄၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် သတ္တာဒေဝ မနုဿနံ(ယောနယ်အသင်း) ဓမ္မာရုံ၌ ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၀)နှင့်အထက် အသင်းဝင် သက်ကြီးများနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော အသင်းဝင်သားသမီးများသည် ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရန်နှင့် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း- ၃၈၀၄၄၈၊ အသင်းတိုက် ဖုန်း-၃၈၈၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် (မိုင်းခွန်) အခြေခံပညာအထက်တန်းကျောင်း ဝမ်အွယ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြား၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၁) ရန်ကုန်ကျောင်းသားဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၈၃-၁၉၉၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ CHATRIUM ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ မြဦးနှင့် ကန်တော့ခံဆရာ ဆရာမကြီး ၁၇၀ တက်ရောက်ခဲ့ကြသည်။

ပြောကြား

ယင်းနောက် ကျောင်းသားဟောင်း ဒေါက်တာ စိုးဝင်းဦးက ဦးဆောင်ပြီး ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီးနောက် ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ မြဦး **(အပေါ်ပုံ)**၊ ပါမောက္ခ ဒေါက်တာ မောင်မောင်ဝင့်၊ ပါမောက္ခဒေါက်တာ ဦးသန်းအေးနှင့် ဆရာမကြီး Cecilia James တို့က ဩဝါဒစကားများ ပြောကြားကာ ကျောင်းသားဟောင်း ဒေါက်တာ အောင်ကျော်ဝင်းနှင့် ဒေါက်တာ ကျော်စိုးကျော်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးစည်းဝေး

မောင်တော ဇန်နဝါရီ ၁၆

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာလ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မောင်တောမြို့ နယ်စပ်ကုန်သည်များအသင်း ဒေဝါနဒီခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်လင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများ၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဦးရဲနောင်နှင့် One Stop Services ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တာဝန်ခံများ၊ ကုန်သည်အသင်းတာဝန်ရှိသူများ၊ ကုမ္ပဏီဖွင့်လှစ်ဆောင်ရွက်နေသူများ၊ ကုန်သည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပို့ကုန်

မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း၏ အဓိက ပို့ကုန်ပစ္စည်းများမှာ ငါးခြောက်၊ ဓောင်ပါးတို့ဖြစ်ပြီး အဓိက သွင်းကုန်ပစ္စည်းများမှာ ဒန်ရေတကောင်း၊ ဘိလပ်မြေတို့ဖြစ်ကြောင်း သိရှိရသည်။

ဆောင်ရွက်

မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြင့်မားရေးအတွက် One Stop Services ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့်အတူ ဒေသရှိ သက်ဆိုင်ရာဌာနများက ကုန်သွယ်မှုပြုလုပ်ရာတွင် လွယ်ကူချောမွေ့ပြီး ကုန်သွယ်မှုပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လစဉ်ကုန်သွယ်မှု မြှင့်တင်ရေး အစည်းအဝေး ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည် ၂၄၇၅ပေ၊ အကျယ် ၁၀ပေရှိ ဂျိုးဖြူ - ချောင်းနားစုလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ရက်က အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

■ *ကျောဖုံးမှ*

အနုပညာရှင်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို သာကေတမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာ သီချင်းကိုသံပြိုင်သီဆို၍ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

၁၀၁၆၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကိုလှူဒါန်းရာ မြို့မိမြို့ဖ အဖွဲ့ ဥက္ကဋ္ဌ ဦးထိန်ဝင်းက လည်းကောင်း၊ သာကေတမြို့နယ် အတွင်းရှိ ရပ်ကွက်စာကြည့်တိုက် နှစ်တိုက်အတွက် နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌများက လည်းကောင်း၊ သာကေတမြို့နယ် စာကြည့်တိုက်အတွက် SKY NET DTH တစ်လုံးကို ပေးအပ်လှူဒါန်းရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမင်းက လည်းကောင်း လက်ခံကြသည်။

ယင်းနောက် သာကေတမြို့နယ် အောင်မြင့်မိုရ်ပုံနှိပ်တိုက်မှ ဦးဇေမျိုးဦး၊ (လယ်တွင်းသားစောချစ်)၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊အတွင်းရေးမှူးဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်) နှင့် ရုပ်ရှင်သရုပ်ဆောင်နေတိုးတို့က ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

စာပေ)က ငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ စာအုပ်များ၊ Future Journal အယ်ဒီတာချုပ် ဦးကျော်ရဲဖိုလ်က ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ 7 Day Media Group မှ အမှုဆောင် အယ်ဒီတာ ဒေါ်ငြိမ်းငြိမ်းနိုင်က ငွေကျပ်၅၃၇၈၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်က ငွေကျပ် ၅၀၀၀၀၀

ကျေးရွာ စာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မောင်တင်ထွန်းလင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက ဝန်ကြီး ဦးကျော်ဆန်းက အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မောင်တင်ထွန်းလင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မချယ်ရီဝင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မဇွန်မှုပိုင်ဦးနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ မယွန်းဝတီဆွေတို့အား ဆုများပေးအပ် ချီးမြှင့်သည်။

လက်ခံ

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းက မြို့နယ်အတွင်း စံ(၅)ချက်နှင့် ညီညွတ်သော ရပ်ကွက် စာကြည့်တိုက် ၁၉ တိုက်အတွက် ငွေကျပ် ဇနီးဒေါ်ဆွေဆွေဝင်း၊ သမီး မေမြတ်နိုးတို့က ဘဝလမ်းညွှန်စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ဗိုလ်မှူးဖြူဝင်း(ငြိမ်း)၊ ဇနီး ဒေါ်အေးအေးစိုး မိသားစုက ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဦးကျော်ဆန်းက လက်ခံသည်။

ဆုများချီးမြှင့်

ဆက်လက်၍ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် အထက်တန်းအဆင့် ကျပန်း စကားပြော ပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်

ပေးအပ်လှူဒါန်း

ထို့နောက် သာကေတမြို့နယ် အတွင်းရှိ ရပ်ကွက်များနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလှူဒါန်းကြရာ MCM Media Group အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက ငွေကျပ် ၂၆၂၄၇၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ပေါ်ပြူလာဂျာနယ် ထုတ်ဝေသူ ဒေါ်နန်းကလျာဝင်းက ငွေကျပ် ၂၆၀၂၆၈၀တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Beauty Magazine အယ်ဒီတာ ဒေါ်ခိုင်စံပယ်က ငွေကျပ် ၁၈၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ စာရေးဆရာမ သီရိစံက ငွေကျပ် ၁၄၈၂၅၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များ၊ ဦးမောင်မျိုး (ကြောင်နှစ်ကောင

တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Myanmar Post Journal မှ တာဝန်ခံ အယ်ဒီတာ မော်ကျွန်းစိုးမြင့်က ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ အာယုဒီဃဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာ တင်အောင်ခိုင်က ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Mandalay Icon မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကြည်စိုးက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ပုတက်ဂျာနယ် ထုတ်ဝေသူ ဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၂၂၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Computer User မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဦးမောင်မောင်ကြီးက ငွေကျပ် ၁၆၂၄၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ IT Weekly Journal ဦးဆောင် အယ်ဒီတာ ကိုသက်(တောင်ငူ)၊ အချစ်ဂျာနယ်အယ်ဒီတာ ဦးခိုင်စိုး၊ ဒေဝီ အနုပညာ သုတရသ ဂျာနယ်နှင့် နံနက်ခင်းဂျာနယ် အယ်ဒီတာချုပ် ဦးဝေဖြိုးသန်းတို့က ငွေကျပ် ၁၂၅၀၀၀ စီတန်ဖိုးရှိ စာအုပ်စာစောင်များ၊ The Goal Sports Journal နှင့် World Champion Sports Journal အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ မန္တလေး အရုဏ်ဦးဂျာနယ် အယ်ဒီတာချုပ် ဦးဟန်ညွန့်က ငွေကျပ် ၁၀၇၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ Envoy Journal အယ်ဒီတာချုပ် ဦးသိန်းအေးက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် အလှူရှင် ၆၀ ကိုယ်စား အလှူရှင်တစ်ဦးက ငွေကျပ် ၄၂၄၂၆၉၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များအတွက် ငွေကျပ် ၁၀၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီးဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပွဲတော်ကျင်းပဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းမှ မယွန်းဝတီဆွေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်တင်ထွန်းလင်းတို့က ပါဝင်ယှဉ်ပြိုင်ခဲ့မှုများကို ပြန်လည် သရုပ်ပြသကြသည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အထက်တန်းနှင့် အလယ်တန်းအဆင့် ဆုရစာစီစာကုံးများ၊ သာကေတမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၈၇၉၈၅၉၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များသို့ ခွဲဝေလှူဒါန်းသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



သီရိလင်္ကာနိုင်ငံတွင် ရေလွှမ်းမှုဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးသေဆုံးမှုများဖြစ်ပွားခဲ့ရာတွင် ဆင်ပေါက်ငယ်တစ်ကောင် သစ်ပင်ခွကြား၌ တင်ရှိသေဆုံးနေသည်ကို ဇန်နဝါရီ ၁၅ ရက်က ဤသို့ တွေ့ရသည်။

ပါကစ္စတန်နိုင်ငံရှိ အခြေခံအဆောက်အအုံများကို လက်နက်ကိုင်များ တိုက်ခိုက်

အစ္စလမ်မာဘတ် ဇန်နဝါရီ ၁၆

ပါကစ္စတန်နိုင်ငံ ပတ်ရှ်ဝါမြို့အနီးတွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ **(ယာပုံ)** လျှပ်စစ်တာဝါတိုင်တစ်ခု ပျက်စီးပြီး မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း ပြည်တွင်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပတ်ရှ်ဝါမြို့အနောက်တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်ရှိ လျှပ်စစ်တာဝါတိုင်အနီးတွင် ထောင်ထားခဲ့သည့် ဗုံးတစ်လုံးသည် ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က ပေါက်ကွဲခဲ့ရာ ၄င်းတာဝါတိုင် မီးလောင်ပျက်စီးသွားခဲ့သည်။

ပါကစ္စတန်နိုင်ငံအတွင်းရှိ လက်နက်ကိုင်များသည် ယခင်နှစ်များက ပါကစ္စတန်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ယခုအချိန်တွင် ပြည်သူများ၊ အစိုးရအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကို ပြောင်းရွှေ့ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ရထားလမ်းနှင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံများကဲ့သို့ အခြေခံအဆောက်အအုံများကို လက်နက်ကိုင်များက တိုက်ခိုက်နေခြင်းဖြစ်သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ပါကစ္စတန်အနောက်တောင်ပိုင်း ကွီတာမြို့အနီးတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကို အမည်မသိ လူတစ်စုက ဖောက်ခွဲခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာရေဘေး အကူအညီများ ပို့ဆောင်ရေး

ကိုလံဘို ဇန်နဝါရီ ၁၆

သီရိလင်္ကာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ရေလွှမ်းမှုဆက်လက်ဖြစ်ပေါ်နေပြီး အကူအညီပေးရန် လိုအပ်နေဆဲဖြစ်ရာ ကုလသမဂ္ဂက အရေးပေါ်အကူအညီများ စတင်ပေးနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ရက်က သတင်းထုတ်ပြန်သည်။ သီရိလင်္ကာနိုင်ငံတွင် ရေလွှမ်းမှုကြောင့် ဒေသခံ ၃၀၀၀၀၀ကျော် ရေဘေးဒုက္ခ ကြုံတွေ့နေရပြီး ယခုအချိန်အထိ ၃၂ဦး သေဆုံးခဲ့ပြီး နေအိမ်များ ပျက်စီးကာ တိရစ္ဆာန်များလည်း သေဆုံးခဲ့ရသည်။

ကုလသမဂ္ဂအနေဖြင့် ရေဘေးဒုက္ခကြုံတွေ့နေရသူများထံ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးပို့လျက်ရှိသည်။ ရေလွှမ်းခံနေရသော ဒေသများတွင် ရေလွှမ်းမှု၏နောက်ဆက်တွဲအဖြစ် ရောဂါများလည်း ဖြစ်ပွားလျက်ရှိရာ ကုလသမဂ္ဂက နိုင်ငံတကာမှအကူအညီပေးရေးအေဂျင်စီများကို သတိပေးချက်များ ထုတ်ပြန်ပေးထားသည်။ **(အင်တာနက်)**

တီအန်ကျင်းဆိပ်ကမ်း နိုင်ငံတကာရေနက်ဆိပ်ကမ်းဖြစ်လာမည်

တီအန်ကျင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံမြောက်ပိုင်းရှိ တီအန်ကျင်းဆိပ်ကမ်း **(ယာပုံ)** ကို ပြုပြင်တည်ဆောက်လျက်ရှိရာ လာမည့် ငါးနှစ်အတွင်း နိုင်ငံတကာသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် အဓိကရေနက်ဆိပ်ကမ်းတစ်ခု ဖြစ်လာမည်ဟု တရုတ်အရာရှိများက ဇန်နဝါရီ ၁၆ ရက်၌ ပြောကြားသည်။

ရေနက်ဆိပ်ကမ်း

တီအန်ကျင်းဆိပ်ကမ်းသည် အရှေ့မြောက်အာရှ၊ အာရှအလယ်ပိုင်းနှင့် အာရှမြောက်ပိုင်းတို့နှင့် ကုန်သွယ်ရေကြောင်းလမ်း ကျရောက်သည့် အပြင် ကမ္ဘာ့ရေကြောင်း ခရီးစဉ်များအတွက် ရေနက်ဆိပ်ကမ်းတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

ဝင်ရောက်ဆိုက်ကပ်နိုင်

တီအန်ကျင်းဆိပ်ကမ်းသည် ရေအနက် ၁၉ ဒသမ ၅ မီတာ ရှိသဖြင့် တန်ချိန် ၃၀၀၀၀၀ ကျော်ရှိ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ကမ္ဘာ့အဆင့်မြင့် ရေနက်ဆိပ်ကမ်းတစ်ခုဖြစ်သည်။

(အင်တာနက်)



မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

နော်ဝေ ကုန်တင်သင်္ဘော အပိုင်စီးခံရ

နိုင်ရိုဘီ ဇန်နဝါရီ ၁၆

နော်ဝေနိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စင်းအား ဇန်နဝါရီ ၁၆ရက်၌ အာဖရိက ကမ်းလွန်တွင် ဆိုမာလီ ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း အာဖရိကရေကြောင်း အရာရှိများက အတည်ပြုပြောကြားသည်။

ခေတ်မီလက်နက်များ ကိုင်ဆောင်ထားသည့် ဆိုမာလီပင်လယ်ဓားပြများသည် နော်ဝေနိုင်ငံမှ ဓာတုကုန်ပစ္စည်းများတင်ဆောင်လာသော ကုန်တင်သင်္ဘောကို အေဒင်ပင်လယ်ကွေ့သို့ ဖြတ်သန်းစဉ် အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။

လိုက်ပါသွား

အဆိုပါဓာတုကုန်တင်သင်္ဘော(**အောက်ပုံ**)တွင် သင်္ဘောသား ရှစ်ဦးလိုက်ပါသွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တူနီးရှား၌ အကျဉ်းထောင်မီးလောင် ၄၂ ဦးသေဆုံး၊ အချို့ဒဏ်ရာရရှိ

တူနစ် ဇန်နဝါရီ ၁၆

တူနီးရှားနိုင်ငံအလယ်ပိုင်းရှိ မိုနာစတီရာအကျဉ်းထောင်၌ ဇန်နဝါရီ ၁၆ရက်က မီးလောင်မှုဖြစ်ပွားရာ **(အပေါ်ပုံ)** အကျဉ်းသား ၄၂ ဦး သေဆုံးခဲ့ကြောင်း တူနီးရှားသတင်းဌာန တီအေပီက သတင်းထုတ်ပြန်သည်။

မီးလောင်မှုကြောင့် အကျဉ်းထောင်အဆောက်အအုံအစိတ်အပိုင်း အများအပြား မီးလောင်ကျွမ်းခံရပြီး ပျက်စီးဆုံးရှုံးခဲ့သည်။ လောလောဆယ်တွင် အကျဉ်းထောင်လုံခြုံရေးကို တင်းကျပ်ထားသည်။

မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူအကျဉ်းသားအချို့ကို ဆေးရုံသို့ တင်ပို့ကာ ကုသမှုခံယူစေလျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

တရုတ်ကမ်းလွန်၌ ငါးဖမ်းသင်္ဘောနစ်မြုပ် သင်္ဘောသား ငါးဦးပျောက်ဆုံး၊ ခြောက်ဦးကယ်ဆယ်နိုင်ခဲ့

ကွမ်ကျို့ ဇန်နဝါရီ ၁၆



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကမ်းလွန်တွင် လှိုင်းလုံးများ ရိုက်ခတ်မှုကြောင့် ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား ခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ငါးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဇန်နဝါရီ ၁၆ ရက်၌ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။

စေလွှတ်ပေး

ငါးဖမ်းသမား ၁၁ဦး ပါဝင်သော ငါးဖမ်းသင်္ဘောတစ်စင်းသည် ဝမ်ချန်ကျွန်းအနီးတွင် နစ်မြုပ်ခဲ့ကြောင်း၊ ကယ်ဆယ်ရေး ရေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်း စေလွှတ်ကယ်ဆယ်ပေးခဲ့ကြောင်း သိရှိရသည်။**(ယာပုံ)**

ကယ်ဆယ်ရေးလှေပေါ်မှ ငါးဖမ်းသမား ခြောက်ဦးကို ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်နိုင်ခဲ့သည်ဟု ကယ်ဆယ်ရေးဌာနက ပြောကြားခဲ့သည်။

လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းလုံးကြီးမားမှုကြောင့် ရှာဖွေရေး မပြုလုပ်နိုင်ခဲ့ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

သရုပ်ဆောင် ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်တို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး

➤ တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

ရန်ကုန် ဇန်နဝါရီ ၁၆

ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်ပွဲကား တဖြည်းဖြည်းနှင့် နီးကပ်လာလေပြီ။ အကယ်ဒမီဆုအတွက် အနုပညာရှင်တွေ ရင်ခုန်နေသလို ပရိသတ်တွေကလည်း မိမိတို့နှစ်သက်အားပေးတဲ့ သရုပ်ဆောင်တွေကို ရစေချင်တဲ့ ဆန္ဒနဲ့ ထင်ကြေးပေးခန့်မှန်းမှုတွေ ကြားသိနေရပါတယ်။

၂၀၀၉ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ အခမ်းအနားကို မကြာမီကာလ အတွင်း ကျင်းပတော့မှာဖြစ်တာမို့ ကျင်းပမယ့်ကာလ နီးလာလေလေ ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ချစ် ပရိသတ်တွေရဲ့ ရင်ခုန်သံတွေဟာ ပိုလို့ပိုလို့ မြန်လာလေပါပဲ။

''ဇာတ်ကားတိုင်းမှာ အကောင်းဆုံး ဖြစ်အောင် ကြိုးစား သရုပ်ဆောင်ထားပါတယ်။'' သရုပ်ဆောင် အိန္ဒြာကျော်ဇင်။

ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ ၂၀၀၉ခုနှစ်အတွက် ဘယ်အနုပညာရှင်တွေ အကယ်ဒမီဆုရရှိနိုင်မလဲလို့ စိတ်ဝင်စားနေကြသလို ၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးပြသခဲ့တဲ့ ဇာတ်ကားတွေမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေ ကိုယ်တိုင်ကလည်း အတွေးကိုယ်စီနဲ့ မျှော်လင့်စောင့်စားနေကြမယ်ထင်ပါတယ်။

ဒီနှစ်ထဲမှာ ရိုက်ကူးပြသခဲ့တဲ့ ကားပေါင်း ၁၆ ကားရှိတယ်လို့ ကြားသိရပါတယ်။ ဇာတ်ကား အများစုမှာ ပါဝင်သရုပ်ဆောင်ထားတဲ့သရုပ်ဆောင်တွေကတော့ နေတိုး၊ အိန္ဒြာကျော်ဇင်နဲ့ စိုးမြတ်သူဇာတို့ပဲ ဖြစ်ပါတယ်။ သူတို့ကတော့ ဒီနှစ်မှာ အကယ်ဒမီဆုအတွက် အမျှော်မှန်းနိုင်ဆုံးသူတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာ့အလင်းသတင်းအဖွဲ့အနေနဲ့ အူဝဲလို့ခေါ်တဲ့ နာမည်ကြီး သရုပ်ဆောင်မင်းသမီး အိန္ဒြာကျော်ဇင်ကို ဇန်နဝါရီ ၁၅ ရက်က ဗဟန်းမြို့နယ် မဟာစည်သာသနာ့ ရိပ်သာမှာပြုလုပ်တဲ့ သူတို့ ဇနီးမောင်နှံရဲ့ ဆွမ်းကျွေးမင်္ဂလာအခမ်းအနားမှာ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ရုပ်ရှင်သရုပ်ဆောင် အိန္ဒြာကျော်ဇင်နဲ့ တစ်ခဏတာတွေ့ဆုံဖြစ်တဲ့အခါ ၂၀၀၉ခုနှစ် ရုပ်ရှင်အကယ်ဒမီဆုနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့....

အကယ်ဒမီ အိန္ဒြာကျော်ဇင်

မေး။ ။ ၂၀၀၉ခုနှစ်အတွင်း အူဝဲ ပါဝင် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားလေးတွေ ပြောပြပေးပါ။

ဖြေ။ ။ **အူဝဲ ဒီ ၂၀၀၉ ခုနှစ်အတွင်း ပါဝင် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတွေကတော့ အတည်ပေါက်နောက်တဲ့သူ၊ ဟော့ရှော့(၂)၊ ချစ်လို့စတာ၊ ချစ်ကံပွင့်နှင့် မချောလေးဆယ်၊ မာမီရှိန်း၊ ပင်လယ်ကိုဖြတ်၍၊ ရှော့ရှိတဲ့အချစ်၊ အတိတ်၏အရိပ်၊ ကြိုးကြာတောင်ပံခတ်သံဆိုတဲ့ ကားတွေမှာပါဝင် သရုပ်ဆောင်ထားပါတယ်။**

မေး။ ။ ဒီဇာတ်ကားတွေထဲက ဘယ်ဇာတ်ကားမှာ သရုပ်ဆောင်ရတာကျေနပ်မှုအရှိဆုံးပါလဲ။

ဖြေ။ ။ **ကြိုးကြာတောင်ပံခတ်သံ ဇာတ်ကားကတော့ တစ်ကားလုံးခြုံကြည့်လိုက်မယ်ဆိုရင် ကိုယ့်အားထုတ်ခဲ့မှုအပေါ် တကယ်ကျေနပ်မိပါတယ်။ ဒါပေမယ့် ဇာတ်ကားတိုင်းမှာတော့ အကောင်းဆုံး ဖြစ်အောင်ကြိုးစားပြီး သရုပ်ဆောင်ထားတာပါ။ ပရိသတ်တွေက ဒီနှစ် အကယ်ဒမီ ရနိုင်တယ်လို့ ခန့်မှန်းပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါပေမယ့် အရမ်းတော့ မမျှော်မှန်းရဲပါဘူး။ အကယ်ဒမီက နတ်ကြီးတယ်လေ''** ဟု အိန္ဒြာကျော်ဇင်(ခေါ်) အူဝဲက ပြောကြားပါတယ်။ အိန္ဒြာကျော်ဇင်ဟာ သရုပ်ဆောင်မှုအပိုင်းမှာ အပိုအလိုမရှိ ကွက်တိသရုပ်ဆောင်နိုင်တဲ့ အနုပညာရှင်တစ်ဦးဖြစ်တာမို့ အကယ်ဒမီဆုအတွက် ရေပန်းစားနေတာဖြစ်ပါတယ်။

အကယ်ဒမီထွန်းထွန်းဝင်း

ဇန်နဝါရီ ၁၆ ရက်မှာတော့ ဆီဒိုးနားဟိုတယ်က ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ရဲ့ မင်္ဂလာပွဲမှာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းဝင်းနဲ့ဆုံတုန်း ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီ ဆုခန့်မှန်းချက်နဲ့ပတ်သက်ပြီး လျှပ်တစ်ပြက် မေးမြန်းခဲ့ပါတယ်။

မေး။ ။၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)နဲ့ ပတ်သက်ပြီး ဘယ်သရုပ်ဆောင်တွေ ရနိုင်မယ်လို့ထင်ပါသလဲ။

ဖြေ။ ။ **အဲ...ဒီနှစ် အားအကောင်းဆုံးကတော့ နေတိုးလို့ကြားတယ်။ အဓိက အမျိုးသားသရုပ်ဆောင်ဆု နေတိုးဖြစ်မယ်လို့ ထင်တယ်။ ပြီးတော့ မြင့်မြတ်ကလည်း ''ကျောက်စက်ရေ''ကားနဲ့**

''ဒီနှစ်အတွက် နေတိုးနဲ့ မြင့်မြတ်တို့ ရနိုင်မယ်လို့ ခန့်မှန်းရပါတယ်'' သရုပ်ဆောင်ထွန်းထွန်းဝင်း။

နာမည်ထွက်နေတယ်။ မင်းသမီးထဲကတော့ အိန္ဒြာကျော်ဇင်ရမယ်လို့ ထင်တာပဲ။ ဇာတ်ပို့တွေထဲကဆိုရင် စိုးစိုး(စိုးမြတ်သူဇာ)၊ ထွန်းအိန္ဒြာဗိုနဲ့ မေသန်းနုတို့လည်း ရနိုင်ခြေရှိပါတယ်'' ဟု ပြောကြားသွားခဲ့ပါတယ်။

အနုပညာ သက်တမ်းရင့်တဲ့ သရုပ်ဆောင်အကယ်ဒမီ ထွန်းထွန်းဝင်း ခန့်မှန်းသလို သူတို့ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတွေကို ကြည့်ရှုခဲ့ရတာမို့ ဖြစ်နိုင်ခြေရှိတာတော့ အမှန်ပါပဲ။

လူငယ်ဒါရိုက်တာဝိုင်း

ထို့အတူ မြန်မာ့အလင်းသတင်းအဖွဲ့က ရန်ကင်းစင်တာမှာ သရုပ်ဆောင် နေတိုးနှင့်အတူ **ကလင် ကလင်** ဒီဗွီဒီဇာတ်ကားရိုက်ကူးနေတဲ့ ဒါရိုက်တာဝိုင်းနဲ့လည်းတွေ့ဆုံပြီး ၂၀၀၉ ခုနှစ်အတွက် ရုပ်ရှင်အကယ်ဒမီဆုနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါသေးတယ်။

မေး။ ။ ကိုဝိုင်းခင်ဗျာ၊ ၂၀၀၉ ခုနှစ်အတွင်းမှာ ရိုက်ကူးထားတဲ့ ဇာတ်ကားရှိရင် ပြောပြပေးပါဦး။

ဖြေ။ ။ **''ကျွန်တော် ၂၀၀၉ ခုနှစ်ထဲမှာ ရိုက်ကူးခဲ့တဲ့ ဇာတ်ကားကတော့ ကျောက်စက်ရေလို့ အမည်ရပါတယ်။ ဒီဇာတ်ကား မှာတော့ အဓိက သရုပ်ဆောင်တွေအဖြစ် ရန်အောင်၊ ရဲအောင်၊ မြင့်မြတ်၊ ခင်သန်းနု၊ မေသန်းနု၊ စိုးမြတ်သူဇာနဲ့ ထွန်းအိန္ဒြာဗိုတို့ အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်''** ဟုပြောကြားခဲ့ပါတယ်။

လူငယ်တစ်ဦးဖြစ်ပေမယ့် ရုပ်ရှင်ဇာတ်ကားကောင်းတွေကို ပီပြင်စွာနဲ့ ပရိသတ်အကြိုက် ရိုက်ကူးနိုင်တဲ့ ဝိုင်းဟာလည်း အကယ်ဒမီဆုအတွက် ရင်ခုန်နေမှာပါပဲ။ ဒါကြောင့်မို့ မကြာမီမှာ ကျင်းပတော့မယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ကို ဘယ်သရုပ်ဆောင်တွေရနိုင်မလဲဆိုတာ ရုပ်ရှင်အနုပညာရှင်တွေနဲ့အတူ ရုပ်ရှင်ကြည့်ချစ်ပရိသတ်တွေကလည်း ရင်ခုန်စွာနဲ့ မျှော်လင့်စောင့်စားနေကြလိမ့်မယ်လို့ ထင်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

အတည်ပေါက်နောက်တဲ့လူဇာတ်ကားမှ အိန္ဒြာကျော်ဇင်၏ သရုပ်ဆောင်ဟန်။

ရေနံချောင်း၌အလင်းစေတမန် စာကြည့်တိုက်ဖွင့်

ရေနံချောင်း ဇန်နဝါရီ ၁၆

ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စု ပေတောကျေးရွာ အလင်းစေတမန် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက အလင်းစေတမန်စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးအောင်ငြိမ်း၊ ရေနံချောင်းမြို့မှ ဒေါ်ဝင်းမော်ထွန်း၊ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးနှင့် ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ်စာစောင်များကို ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ ပေတော ကျေးရွာပြည်သူများကစုပေါင်း လှူဒါန်းသော ၁၈ လက်မ ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးကို ကျေးရွာရပ်မိရပ်ဖဦးကျော်နိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးစိန်မိုးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့တော်ခန်းမရှေ့ မြေယာရှုခင်းတွင် ပန်းအလှပင်စိုက်ပျိုးနေမှုကို ဇန်နဝါရီ ၈ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ နိုဝင်ဘာ ၂၈ ရက်က နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ဆေးရုံအတက်လမ်းဘေးဝဲယာ ကပ်တုံးပြုလုပ်ခြင်းကို ကွင်းဆင်းစစ်ဆေးရာ ဦးစီးအရာရှိ ဦးတင်အောင်လွင် ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

အမှတ်(၃) ခရိုင်ချင်းဆက်လမ်း ထီးချိုင့်မြို့နယ်အပိုင်းရှိ ထီးချိုင့်နှင့် မဲအင်းအကြား လမ်းပိုင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူများ ပြုပြင်နေမှုကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့်နှင့် အဖွဲ့ဝင် ဒုတိယရဲမှူးချစ်ညွှန့်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၁ရက်က တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ နမ့်ယွန်းချောင်း ရေစီးရေလာကောင်းရေးအတွက် အမှိုက်များ ဆယ်ယူခြင်းကို အမှုဆောင်အရာရှိ ဦးကိုကို ကွင်းဆင်းကြီးကြပ်စဉ်။ (၀၁၆)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်တေဇလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဇန်နဝါရီ ၆ ရက်က ကန့်ဘလူမြို့နယ်ရှိ တောင်ချောင်းတံတား တည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ ကိုးတောင်ဘို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ထားရှိမှု၊ ကျေးရွာအတွင်း လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ကိုးတောင်ဘို့ဘူတာရုံ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် တိုင်းမှူးသည် ရွှေဘို-မြစ်ကြီးနားလမ်း(ကသာခရိုင်အပိုင်း) လမ်းဖောက်လုပ်ဆောင်ရွက်ထားရှိမှု၊ ကသာ-အင်းတော်-နန့်စီးအောင်လမ်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် အင်းတော်မြို့နယ် နဘားရွာရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြင်ဆင်ဆောင်ရွက်

တိုင်းမှူးသည် ဇန်နဝါရီ ၁၀ ရက်က စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားကြီးသို့ရောက်ရှိပြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းပြင်ဆင်ဆောင်ရွက်နေမှုနှင့် စေတီတော်ပရိဝုဏ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲ သံတွဲမြို့နယ်၌ ကျင်းပ

သံတွဲ ဇန်နဝါရီ ၁၆

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် စံပြမိခင်ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက သံတွဲမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

ဆက်လက်၍ ဆုရရှိသည့် မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှတစ်နှစ်ခြောက်လအထိ ကလေးများ၊ အမြွှာဆု၊ နှစ်သစ်ကူးမောင်မယ်ဆု၊ ချစ်စရာအကောင်းဆုံးဆုနှင့် စံပြမိခင်ဆုများကို ခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေ၊ ကလေးအထူးကုဆရာဝန် ဒေါက်တာခင်ခင်ထား၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုတို့က ဆုများချီးမြှင့်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်လမြိုင်ကျွန်း၌ အာစရိယပူဇော်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆

မော်လမြိုင်ကျွန်းမြို့ အထက(၂)၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ပွဲတော်နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များက မော်လမြိုင်ကျွန်း အထက(၂)၌ကျင်းပရာ ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ငွေရတုပွဲတော်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်စိုးနှင့် ကျောင်းအုပ်ကြီး ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပူဇော်ကန်တော့

ထို့နောက် ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီတွင် သဇင်ဆောင်ရင်ပြင်၌ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရာ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေနှင့် လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။**(အပေါ်ပုံ)** ညပိုင်းတွင် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာဂုဏ်ကျေးဇူးကို ဖော်ကျူးသောတေးသီချင်းများ၊ တေးသရုပ်ဖော်များ၊ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ (၁၄၂)

ရန်ကင်းမြို့နယ် အလက(၃)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ သတ္တမတန်းမှ မယုယဝေမင်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်စိန်အေး ဆုချီးမြှင့်စဉ်။ (၁၇၀)

လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါ ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်စိုးက စစ်တုရင်ကွက်ကို ရွှေ့၍ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကလေးဝမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကလေးဝ ဇန်နဝါရီ ၁၆

ကလေးဝမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်သည် စီမံကိန်းဦးစီးအရာရှိ ဒေါ်အေးအေးသင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကျော်လွင်၊ စိုက်ပျိုးရေးမန်နေဂျာ ဦးကျင်လန်းတို့နှင့်အတူ ဒီဇင်ဘာ ၂၄ ရက်က ကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၃၈)ရှိ တောင်သူဦးထွန်းပေါ၏ ကောင်းအဆင့် သီးထပ်ရင်စပါး မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။ **(အောက်ပုံ)**

ထွက်ရှိ

ထိုသို့ရိတ်သိမ်းရာတွင် တစ်ဧက ၇၇ ဒသမ ၆၁ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၅	၅။	စိုက်ပျိုးသုတ
၄:၂၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၇။	မျိုးချစ်တပ်မတော်
၄:၄၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၁၀	၉။	**မြန်မာစာ မြန်မာစကား** (အပိုင်း-၆)
၅:၂၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်**(အပိုင်း-၇)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၂၄) ဇာတ်သိမ်း
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	Talk of the Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၂)
	၂၅။	Mini Seires

ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၃)၌ နှစ် ၂၀ ကျော်ကာလအတွင်း ပထမအကြိမ် လွတ်တော်ခေါ်ပြီ၊ အန္တရာယ်ဖြစ်စေသောပုံပြောင်းဆီများ မြန်မာနိုင်ငံတွင် ပြန်လည်ရောင်းချမှုများရှိနေ၊ ဂြိုဟ်ပြာတစ်ခု လနှင့်ယှဉ်လျက်ဖြစ်ပွားမှု မိုးကုတ်မြို့မှ မြင်တွေ့ခဲ့၊ ငါးသိန်းစရန်ပေးရုံဖြင့် ကွန်ဒိုတိုက်ခန်းပိုင်နိုင်ပြီ၊ ကိုရီးယားမှ ကန်ဒေါ်လာခုနစ်သန်းခွဲတန်ဖိုးရှိ ဆေးဝါးများ မြန်မာက မကြာမီတင်သွင်းမည်၊ ၂၀၁၁ နှစ်ဆန်းအခြေခံ စားကုန်ဈေးကွက်စသည့် ပြည်တွင်းရေးရာသတင်းများ၊ HIV က လူကလွဲလို့ အခြားသတ္တဝါတွေနဲ့ အသုံးအဆောင်တွေမှာ မရှင်သန်နိုင်ဘူး MBCA မှ ဒေါက်တာနွယ်နွယ်ဦးနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ အုပ်ချုပ်သူ(ဝါ) အစိုးရဟူသည်၊ လောကဓံတရားနှစ်ပါးအပေါ် ရင်ဆိုင်နည်း၊ မင်္ဂလာမှ မင်္ဂလာပါ၊ ဂျက်လေစီးကြောင်းကြောင့် အအေးပိုကဲ့သို့သော ဖတ်စရာ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချီ

နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိန္ဒိယနှင့်အကျင့်ပျက်မှုရေသောက်မြစ်ကို ရှာဖွေခြင်း၊ စားသောက်ကုန်ဈေးနှုန်း မြင့်မားမှုကုလသမဂ္ဂမှ ကမ္ဘာလုံးဆိုင်ရာ သတိပေးနှိုးဆော်မှုပြု၊ အမေရိကန် စာသင်ခန်းများတွင် iPad သည် သင်ကြားရေးအတွက် မရှိမဖြစ် ကိရိယာတစ်ခုဖြစ်လာဖွယ်ရှိ၊ ဟောင်ကောင်ကို ပုံတူပွားမည်၊ ၂၀၁၀ အတွင်းဖြစ်ပွားခဲ့သော သဘာဝကပ်ဘေးများ၊ သတင်းထောက်ကို စော်ကားခြိမ်းခြောက်မှုပြုသည့် ဒီဇိုင်နာတရားစွဲခံရ၊ အရီဇိုးနားပြည်နယ်တွင် လွှတ်တော်အမတ်တစ်ဦးသေနတ်ဖြင့် ပစ်သတ်ခံရ၊ မလေးတွင် ကမ္ဘာလှည့်ခရီးသွားတစ်ဦးအား ခွေးနှစ်ကောင်က အသေကိုက်သတ်၊ မိမိ၏ချစ်သူလက်ထပ်ထားပြီး ရှိ မရှိ အွန်လိုင်းပေါ်တွင် အချက်အလက် ရှာဖွေကြည့်ရှုနိုင်တော့မည်၊ တရုတ်တွင် ဝိုင်၊ တိုဟူးနှင့် ကြက်ဥအတု ပြဿနာများထပ်မံဖြစ်ပွားစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချီလိုက်ပြီ ဖြစ်သည်။ ***(သတင်းစဉ်)***

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယုံသလင်း-တလုတ္တော် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် တက္ကသိုလ်ကောင်စီဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားအစီအစဉ်အရ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကောင်စီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက RINA Fellowship ရရှိသူများနှင့် ဆီွဒင်နိုင်ငံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်မှ International Fellowship ရရှိသူများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး တော်ဝင်ရေယာဉ် ဗိသုကာအသင်း (အင်္ဂလန်)၏ (RINA Myanma Shipyard Award) ရွှေတံဆိပ်ဆု၊ Hutchison Port Holding (Hong Kong) ၏ HPH ရွှေတံဆိပ်ဆု၊ ဘာသာရပ်အလိုက် ပညာရည်ချွန်ဆုတံဆိပ်ရရှိသူ ကျောင်းသား ကျောင်းသူများအား ရွှေတံဆိပ်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး နောက်ဆုံးနှစ်ကျောင်းသားများ၏ စက်မှုလက်မှုပြခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဘွဲ့များပေးအပ်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်တွင် ဘွဲ့လွန်ဒီပလိုမာ ၁၈ ဦး၊ ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ ၁၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၁၀၉ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၂၆ ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဘွဲ့ ၁၇ ဦးနှင့် ရေကြောင်းသိပ္ပံပညာဘွဲ့ ၈၃ ဦး စုစုပေါင်း ၂၆၈ ဦးအား သက်ဆိုင်ရာဘွဲ့များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်စီမံခန့်ခွဲမှုနှင့် ပညာရေးအခွင့်အလမ်းအကြောင်းဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၆

Star Resources ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းက ကြီးမှူးကျင်းပသည့် ပညာရေးဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် ဟိုတယ်လုပ်ငန်းများအကြောင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ပညာရပ်များ အကြောင်းကို London Hotel School College, England မှ ကျောင်းအုပ်ကြီး Mr. Rod Hardingham က Qualify to Work Internationally with International Qualification ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

London Hotel School College သည် ကျောင်းလခများကို အရစ်ကျ ပေးသွင်းနိုင်သော အခွင့်အရေး ရရှိနိုင်ခြင်း၊ ဒုတိယနှစ်တွင် အချိန်ပြည့် အလုပ်သင်အတွေ့အကြုံနှင့် လစာပြည့် ရရှိနိုင်ခြင်း၊ ဒီပလိုမာရပြီးပါက အလုပ်လုပ်ခွင့်ရရှိနိုင်ခြင်း၊ နောက်ထပ် တစ်နှစ်ထပ်တက်ရုံဖြင့် B.A. Hons (Hotel Management-UK) ဒီဂရီကို ရရှိနိုင်ခြင်း အစရှိသော အခွင့်အလမ်းများရှိမည်ဖြစ်သည်။

Business Management ကို စိတ်ဝင်စားသော လူငယ်များအတွက်လည်း Diploma in Management Studies ကို တစ်နှစ်တက်ရောက်ပြီးလျှင် MBA Program ဆက်လက်တက်ရောက်နိုင်သော အခွင့်အရေးရရှိနိုင်သည်။

လူငယ်များအနေဖြင့် မိမိတို့တက်ရောက်လိုသည့် အပတ်စဉ် (Intake) မတိုင်မီ နှစ်လခန့် ကြိုတင်အချိန်ယူရုံဖြင့် ကျောင်းလျှောက်ထားခြင်း၊ Tier 4 Student Visa ရရှိရန်သေချာသော Highly Trusted Sponsor Rating ရရှိထားသဖြင့် Visa လျှောက်ထားခြင်းကိစ္စများ၊ ကျောင်းလခများ၊ ငွေလွှဲခြင်းကိစ္စများကို ကြန့်ကြာမှုမရှိဘဲ အပြီးအစီးဆောင်ရွက်နိုင်သည်။

အသေးစိတ် သိရှိလိုပါက Star Resources Hospitality Management Academy ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀နှင့် ၀၉-၅၀၂၀၃၀၂တို့ထံသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စက်ရုံ အလုပ်ရုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

နမ့်ခမ်း ဇန်နဝါရီ ၁၆

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၌ ဇန်နဝါရီ ၁ ရက်က မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၏ မီးဘေးလုံခြုံရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဖေဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ မြို့နယ်မီးသတ်တာဝန်ခံ ဦးစိုင်းစံညွှန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လူထုလမ်းလျှောက်ပွဲ နောင်ချို၌ ပါဝင်ဆင်နွှဲ

နောင်ချို ဇန်နဝါရီ ၁၆

ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက်က မြနန္ဒာ ပန်းခြံရှေ့မှ အေးရှားဝေါလ်ဂိတ်အထိ လူထုလမ်းလျှောက်ပွဲ**(အပေါ်ပုံ)** ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွန်း ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆုများချီးမြှင့်

လမ်းလျှောက်ပွဲအပြီးတွင် မြို့နယ်အားကစားကွင်း၌ အားကစားပြိုင်ပွဲများကျင်းပ၍ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

မအူပင် ဇန်နဝါရီ ၁၆

ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ငါးရိက္ခာထုတ်လုပ်မှု တိုးတက်ရေးကို ရည်ရွယ်လျက် မအူပင်မြို့နယ် ကဝက္ကင်းကျေးရွာ ရေလုပ်သားများအား မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောခြင်းနှင့် ငါးဖမ်းပိုက်ကွက်များ စစ်ဆေးခြင်း၊ ဝယ်စုငါးဒိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းများကို ဇန်နဝါရီ ၇ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ရာ အခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းက သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှု အခြေအနေ၊ ငါးသယံဇာတများ မျိုးပြုန်းတီးပျောက်ကွယ်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြီး ငါးပေါက်ဖွားရာ နေရာဒေသများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ သတ်မှတ် ငါးဖမ်းပိုက်ကွက်များနှင့်အညီ လုပ်ကိုင်ကြရန်၊ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်း မပြုစေရေး ဝိုင်းဝန်းကာကွယ်ကြရန်၊ တိုးတက်လာသော လူဦးရေနှင့်အညီ ငါးရိက္ခာ ပိုမိုထုတ်လုပ်ရန် ပညာပေး ဟောပြောသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဦးစီးဌာနမှူး ဒေါ်ခင်မြဒင်က ရေချိုငါးလုပ်ငန်း ဥပဒေဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ငါးဦးစီး)**

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက(၁) ဗဟိုစံပြ ခန်းမဆောင်၌ကျင်းပသော ၂၀၀၉-၂၀၁၀ ခုနှစ် ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဆရာကြီးဦးစိုးမင်းက တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ မောင်သူရထွန်းအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။ (၁၀၆)

ကဝမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၄ ရက်က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မြို့နယ်ခန်းမ၌ကျင်းပရာ အမျိုးသမီးငယ်လေးများ၏ ဆန်ကောရွက်ပြိုင်ပွဲတွင် ပထမဆု ရရှိသော မဝတ်မှုန်ဦးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မိုမိုလှိုင် ဆုချီးမြှင့်စဉ်။ (၀၆၄)

တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့် ဝန်ကြီးဦးခင်မောင်မြင့်တို့ ဧရာဝတီတံတား (ပခုက္ကူ) ပထမဆုံး သံပေါင်တင်မင်္ဂလာအခမ်းအနားတွင် လက်ပံခြေပေါ်ဘက်ကမ်း မင်္ဂလာသံပေါင်ကို ရွှေမူလီတပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌတို့သည် တံတားပေါ်သို့ တက်ရောက်၍ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အရှည်ဆုံးတံတား

ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါ ဧရာဝတီတံတား (ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းအရှည် ၂၀၅၉၇ပေ ရှိပြီး ကားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၃ လက်မစီပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိကာ မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီး တံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားတစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများ
ဝန်ကြီးဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)၌ ထုတ်လုပ်လျက်ရှိသည့် Myanmar Double Cab, Myanmar Single Cab မော်တော်ယာဉ်များနှင့် DS 70 engine ထုတ်လုပ်မှုတိုးချဲ့တည်ဆောက်ထားသော Press Shop, Ready for Sale Vehicles Shop Frame Shop တို့ကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)**Performance , Endurance, Image , Regardless တို့အပေါ် အလေးထား ထုတ်လုပ်ရန်နှင့် အသုံးစရိတ် ချွေတာသုံးစွဲရန် မှာကြားသည်။

အလေးထား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)၌ machine tools စက်များ၊ ထရန်စဖော်များ၊ ကြေးကြိုးထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးကောင်းမွန်စေရန်၊ ဈေးကွက်လိုအပ်ချက်ကို အလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်များအပေါ် အမြဲစစ်ဆေးရန်နှင့် စက်ရုံအရှုံးမရှိစေရေး အလေးထားကြိုးပမ်းရန်မှာကြားသည်။ ထို့နောက် စက်ရုံအတွက် သောက်ရေသန့်စက်၊ လုပ်ငန်းခွင်သာယာရေး၊ အလုပ်ချိန်ပြင်ပနေထိုင်မှု သက်သာချောင်ချိရေးတို့ကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၇ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကမ္ဘောဇတို့မထင်မှတ်ဘဲ မနောမြေကို အမှတ်ခွဲပေးခဲ့ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၁၁ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁)ကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ကျင်းပရာ မနောမြေနှင့် ကမ္ဘောဇတို့သရေကျသွားပြီး ဥဿာယူနိုက်တက်အသင်း နိုင်ပွဲရခဲ့ပါတယ်။

(အောင်ဆန်းကွင်း)

မနောမြေ - တစ်ဂိုး

ကမ္ဘောဇ - တစ်ဂိုး

အခုအပြောင်းအရွှေ့ကာလမှာ အသင်းခေါင်းဆောင် ခင်မောင်လွင်၊ မိုးဝင်းတို့အပါအဝင် အမာခံကစားသမားအများစုကို ထုတ်ရောင်းခဲ့တဲ့ ကမ္ဘောဇအသင်းကတော့ အဖွင့်ပွဲစဉ်မှာ မျက်နှာပန်းမလှခဲ့ပါဘူး။ ဟန်ဝင်းအောင်၊ အေးဆန်း၊ စိုးမင်းဦး၊ ကျော်ဇေယျာဝင်းတို့နဲ့ ပွဲထွက်ခဲ့တဲ့ကမ္ဘောဇအသင်းဟာ ပွဲအစ ခုနစ်မိနစ်မှာပဲ ဦးဆောင် ဂိုးစရခဲ့ပါတယ်။ ဧရာဝတီယူနိုက်တက်အသင်းကနေ ပြောင်းရွှေ့လာတဲ့ လှအေးထွေးက သွင်းယူခဲ့တာဖြစ်ပါတယ်။

၂၀၁၀ MNL ပြိုင်ပွဲတုန်းက အသင်းကြီးအချို့ကို အနိုင်ယူခဲ့ဖူးတဲ့ မနောမြေအသင်းဟာ ပွဲဦးထွက်ပွဲမှာ ကမ္ဘောဇအသင်းကို သရေကစားနိုင်ခဲ့ခြင်းနှင့် အတူ ရလဒ်ကောင်း စရခဲ့ပါတယ်။ ဒဏ်ရာရနေတဲ့ အီဂျစ်တိုက်စစ်မှူး ဇာကီကလွဲရင် လူစုံပါဝင်ခဲ့ပြီး ကမ္ဘောဇကို အပြန်အလှန် ကစားနိုင်ခဲ့ပါတယ်။

သွင်းယူ

မနောမြေ အတွက် ချေပဂိုးကို ၆၃မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် အေးမင်းဝင်းက သွင်းယူပေးခဲ့ပါတယ်။

(သုဝဏ္ဏကွင်း)

ဥဿာယူနိုက်တက် - နှစ်ဂိုး

(လှထွန်းအောင်နှင့်ဂျူနီယာ)

ဆောက်သမ်းမြန်မာ - တစ်ဂိုး

(တင့်နိုင်ထွန်းသိန်း)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက်နှင့်

ဇေယျာရွှေမြေ

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက်နှင့်

ရတနာပုံ

ကမ္ဘောဇတိုက်စစ်မှူး စိုးမင်းဦး မနောမြေဘက်သို့ ထိုးဖောက်ဂိုးသွင်းစဉ်။

အမက(၂) မူလွန်(လှိုင်)၏ ပညာရေးစုံညီပွဲတော်ကိုကျင်းပရာ ကလေးများ၏ ကပြဖျော်ဖြေမှုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေး၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘများ ကြည့်ရှုအားပေးစဉ်။

(၁၂၈)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သံရွာဆေးရုံအနီးတွင် ကတ္တရာလမ်းဖောက်လုပ်ပြီးစီးမှုကို နိုဝင်ဘာ ၁၈ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ် - တပ်ကုန်းအပိုင်း သဘာဝဓာတ်ငွေ့ ပိုက်ခင်းကျင်းနေမှု

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကွဲကတ်ကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသည့် ပျော်ဘွယ်-ပျဉ်းမနား-ရေနီ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းစီမံကိန်း၏ ပျော်ဘွယ်-တပ်ကုန်းအပိုင်း၌ သဘာဝဓာတ်ငွေ့ပိုက်များ ဂဟေဆော်ဆက်သွယ်ခင်းကျင်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

လိုက်နာဆောင်ရွက်

ရှေးဦးစွာ ပိုက်လိုင်းစခန်း ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ပိုက်များလုပ်ငန်းခွင်သို့ သယ်ယူရောက်ရှိမှု၊ စက်ယန္တရားများ အသုံးပြု၍ ပိုက်လိုင်းအူကြောင်း ဖောက်လုပ်ပြီးစီးမှု၊ ပိုက်ဆက်သွယ်ခင်းကျင်းပြီးစီးမှုနှင့် လက်ရှိပိုက်များ ဂဟေဆော်ဆက်သွယ်မှု လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဤပိုက်လိုင်း ဆက်သွယ်ခင်းကျင်း၍ သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးနိုင်ပါက နိုင်ငံတော်၏ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်စေရန် များစွာ အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် စက်စွမ်းအား၊ လူအင်အား အပြည့်အဝ အသုံးချ ဆောင်ရွက်သွားရန် ဖြစ်ကြောင်းနှင့် ပိုက်များဂဟေဆော်ဆက်သွယ်ရာတွင် သတ်မှတ်နည်းစနစ်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပိုက်များ ဂဟေဆော် ဆက်သွယ်ခင်းကျင်းမှု လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပို့လွှတ်ဖြန့်ဖြူး

ယခု ဆက်သွယ်ဆောင်ရွက်နေသည့် ပျော်ဘွယ်-ပျဉ်းမနား-ရေနီ ၁၂လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် အရှည် ၈၇ မိုင်ရှိ၍ မကွေး-ပျော်ဘွယ်-ပင်းပက် ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ နေပြည်တော်ဒေသရှိ စက်ရုံ အလုပ်ရုံများ သဘာဝဓာတ်ငွေ့ အသုံးပြုနိုင်ရန်အတွက် ခွဲထုတ်ဆက်သွယ်ခင်းကျင်းခဲ့ခြင်း ဖြစ်ကြောင်း၊ ပိုက်လိုင်းဆက်သွယ်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးရှိ ဆပ်ပြာစက်ရုံ (ရမည်းသင်း)၊ ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)၊ နေပြည်တော်ဒေသရှိ မင်းကုန်းအုတ်စက်ရုံနှင့် ပန်းတင်အုတ်စက်ရုံ၊ ရေနီရှိ တန် ၈၀ ထုပ်ပိုးပစ္စည်းစက္ကူစက်ရုံနှင့် တန် ၅၀ စက္ကူပျော့ဖတ်စက်ရုံတို့နှင့် တောင်ဖီလာရှိ တစ်ရက်တန် ၅၀၀ကျ ဘိလပ်မြေ စက်ရုံနှစ်ရုံတို့ကို သဘာဝဓာတ်ငွေ့များ ပို့လွှတ် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဟောကြားတော်မူသော တရားတော်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၅)
- ၈:၄၀ ပန်းတိုင်းပွင့်စေ၍ ပွင့်သော ပန်းတိုင်းမွှေးစေသူများ [အထက(၂) စမ်းချောင်း အာစရိယပူဇော်ပွဲ)]
- ၈:၅၀ သာသနာ့ဘုန်းကမ္ဘာတည်စေမှာ သာယာကုန်းမဟာစည် စိန်ရတုဝိဇာတမင်္ဂလာ
- ၉:၀၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား
- ၁၀:၀၅ Activities in the City [အထက(၁)တောင်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ] [သန်လျင်မြို့ ခေမာရာမ သီလရှင်စာသင်တိုက်၏ (၂၂)ကြိမ်မြောက် ပဌာန်းအောင်ပွဲ]
- ၁၀:၃၀ The Champion of Dance
- ၁၁:၁၀ Celebrity Choice (L လွန်းဝါ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ စုပေါင်းအလှူကုသိုလ်ယူ တူယှဉ်ဆင်နွှဲဒါနပွဲ....
- ၁၂:၂၀ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာမင်းသိန်း၏ 2011 ရွှေမန်းပေဒင်ဒိုင်ယာရီ)
- ၁၂:၄၀ မမွှေရုံသီဘဏ်ရောင်ခြည် အိမ်တော်ရာက မြတ်စေတီ
- ၁:၀၀ ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ၂၀၀၈ ခုနှစ်အကယ်ဒမီ ပြန်လည်ရင်ခုန်ခြင်း
- ၂:၅၅ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ.... (အင်းလေး)
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၈)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၅)
- ၄:၅၅ ဇီးအိုရှာနှင့် သဘာဝအင်ကြင်းတော
- ၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၂၅ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk [မောင်လူမွှေး (မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၉)
- ၇:၃၀ အနုပညာမိုးကောင်းကင်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်း မများတာ ကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၆)
- ၁၀:၁၀ International Show Biz
- ၁၀:၂၅ ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (လပြည့်ဝန်း)
- ၁၁:၂၀ Man And The Elephant (အပိုင်း-၁)
- ၁၁:၄၀ ဗီဒီယိုပြခန်း
- ၁၁:၅၅ **ကုသမနေ့းတီဘီအေး** ရာဇာနေဝင်း၊ သုမောင်၊ ညီရော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၂:၁၀ Box Office Movies (Surrogates)
- ၁၂:၃၀ Celebrity Profile (Rain)
- ၁:၀၀ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၁:၂၀ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၂:၀၀ Shooting Location (မျက်ခြယ်ခြိ)
- ၂:၃၀ လှေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (သဘင်ပညာရပ်အကြောင်း သိကောင်းစရာ)
- ၂:၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနအာရောဂျသာလာ သံဃာ့ဆေးရုံ
- ၄:၂၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
- ၄:၄၀ ဆည်မြောင်းရဲ့အားမာန်... ပြိုင်းချောင်းရေလှောင်တမံ
- ၄:၅၀ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ *ရွှေဖုံးမှ*

"မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့လမ်းခင်းစို့" ဆိုသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ပြည်ခွင်သာဖို့အတွက် ပဲခူးရိုးမကြီးကိုဖြတ်၍ သာဂရမှ ကိုးပင်အထိ ၉၆ မိုင် ၃ ဖာလုံကို လမ်းခင်းလျက်ရှိရာ ကျွန်တော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁) ကိုးပင်-သာဂရလမ်း ဖောက်လုပ်ရေးမှ အင်ဂျင်နီယာတစ်ဦးနှင့်အတူ ကားတစ်စီးဖြင့် သွားရောက်လေ့လာခဲ့ပါသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် သာဂရရှင်းလင်းဆောင်မှထွက်ခဲ့ပြီး ဖိုးကျားရွာ၊ လှည်းပွဲကြီး၊ လှည်းပွဲလေး၊ သစ်ပုတ်ပင်နှင့် ကျောက်မဆင်စခန်းများတွင် လမ်းလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်နေကြပုံကို သတင်းဓာတ်ပုံများ ရိုက်ကူးကြသည်။ ပဲခူးရိုးမတောကြီးအတွင်း ဖောက်လုပ်နေသည့် ရိုးမဖြတ်လမ်းများကို သွားရောက်လေ့လာဖူးသော်လည်း ယခု ဖောက်လုပ်နေသော သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းတစ်လျှောက်တွင် တွေ့ရသည့် မြင်ကွင်းများက ဆန်းနေသည်။ အဘယ်ကြောင့်ဆိုရပါမူ လမ်းတစ်လျှောက်တွေ့ခဲ့ရသည့် မြန်မာ့အဖိုးတန် ကျွန်းပင်များကြောင့်ဖြစ်သည်။ သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းကြီးအား ပဲခူးရိုးမကြီးကိုဖြတ်၍ ဖောက်ခဲ့ရသကဲ့သို့ အဖိုးတန် မြန်မာ့ကျွန်းတောကြီးကို ဖြတ်သန်း၍ ဖောက်လုပ်နေရသည်။ လမ်းအူကြောင်းအား အဖိုးတန် ကျွန်းပင်များကိုရှောင်၍ ရှာခဲ့သည်ဆို၏။ ထို့ကြောင့် အဖိုးတန်ကျွန်းသစ်တောကြီးအတွင်းမှ အဖိုးတန်ကျွန်းပင်ကြီးများကို လမ်းဘေးဝဲယာ၌ အစီအရီ တွေ့ခဲ့ရသည်။

ကိုးပင်-သာဂရလမ်း

ကျွန်တော်သည် ဝဲ၊ ယာ ကျွန်းပင်ကြီးများခြံရံလျက် ဖောက်လုပ်ထားသော ရိုးမဖြတ်လမ်းမကြီးပေါ်၌ပင် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေး အထူးအဖွဲ့(၁)မှ စီမံကိန်းအင်ဂျင်နီယာ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အင်ဂျင်နီယာမှူး ဦးဝဏ္ဏဇော်အား ကိုးပင်-သာဂရလမ်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးခဲ့ရာ ဦးဝဏ္ဏဇော်က "ကိုးပင်-သာဂရလမ်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေး အထူးအဖွဲ့(၁)မှ အင်ဂျင်နီယာချုပ် ဦးတင်ဆန်း (လမ်း)၊ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ကြည်၊ အင်ဂျင်နီယာမှူး မိမိ ဦးဝဏ္ဏဇော်(မြို့ပြ)တို့နှင့် အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဖွဲ့အစည်းကိုးဖွဲ့၊ ကုမ္ပဏီပေါင်း ၁၃ဖွဲ့ ပေါင်း ၂၂ဖွဲ့ဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း။

"ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းကြီးကို အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများ၊ လမ်းတံတား အထူးအဖွဲ့များက သတ်မှတ်ကာလအတွင်းပြီးရန် အစွမ်းကုန် ဆောင်ရွက်နေပါတယ်" ဦးဝဏ္ဏဇော် အင်ဂျင်နီယာမှူး(မြို့ပြ)။

"ဤလမ်းကို ၂၀၀၁ခုနှစ် မတ်လမှစတင်၍ သစ်တောရေးရာဝန်ကြီးဌာနက သစ်ထုတ်လုပ်ရေးလမ်းအဖြစ် အသုံးပြုရန် စတင်ဖောက်လုပ်ခဲ့သောလမ်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး သာဂရမြို့မှ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး နယ်စပ်အထိ မိုင် ၅၀၊ ၂ ဖာလုံရှိပြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်အထိ ၄၆ မိုင် ၁ဖာလုံ စုစုပေါင်း ၉၆ မိုင် ၃ဖာလုံရှိကြောင်း၊ ဤလမ်းအား သစ်တောရေးရာ ဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၃၀-၁-၂၀၀၄ရက်နေ့တွင် လွှဲပြောင်းပေးခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင်တာဝန်ယူ ဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်း။

အသုံးပြုနိုင်

လွှဲအပ်စဉ်က လမ်းအခြေအနေမှာ အတက်အဆင်းကြမ်းကြမ်းဖြင့် မြေလမ်း ၇၈မိုင်နှင့် ၄ ဒသမ ၅ဖာလုံ၊ အမာခံလမ်းကျဉ်းကျဉ်း ၁၂ မိုင် ၇ဖာလုံ ပြုပြင်ရန်လိုအပ်နေသည့် ကတ္တရာလမ်း ၇မိုင်၊ ၇ ဒသမ ၅ ဖာလုံတို့ ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ လမ်းကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်၍ လမ်းတာပေါင်အကျယ်ကို ပေ ၅၀ အထိ ဆောင်ရွက်ပြီး၊ ကတ္တရာလမ်းအကျယ် ၁၂ပေအထိ ခင်းသွားမှာဖြစ်ကြောင်း၊ ရိုးမဖြတ်လမ်း တောင်ပေါ်လမ်းဖြစ်၍ ယာဉ်နှင့်ကုန်ပေါင်း တန် ၄၀ရှိ မော်တော်ယာဉ်များ အသုံးပြုနိုင်မှာဖြစ်ပါကြောင်း။

သာဂရ-ကိုးပင် ရိုးမဖြတ်လမ်းကြီးမှာ ယခင်က သစ်ထုတ်လုပ်ရေးအတွက်သာရည်ရွယ်၍ ဖောက်လုပ်ထားခြင်းဖြစ်သဖြင့် ယခုလို အများပြည်သူသုံးလမ်းမကြီးအဖြစ် ပြုပြင်တည်ဆောက်ရာတွင် ယာဉ်အတက်အဆင်း မြင့်မားလွန်းသည့် နေရာများ၌ မြေသားနှိမ့်ချခြင်း၊ ဖို့ခြင်းတို့ဖြင့် မြေသားလုပ်ငန်း အတော်များများ ဆောင်ရွက်ခဲ့ကြောင်း၊ အထူးသဖြင့် သာဂရ-ကိုးပင်လမ်းတွင် ဖိုးကျားစခန်းမှစ၍ သဘာဝကျွန်းတောကြီးမှ ကျွန်းပင်ကြီးများနှင့် သစ်တောဦးစီးဌာန ကျွန်းစိုက်ခင်းများကို မထိခိုက်အောင် ရှောင်ကွင်းဖောက်လုပ်ခဲ့ပါကြောင်း။

အစွမ်းကုန်ဆောင်ရွက်

သည်ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းကြီးကို မိမိတို့ အထူးစီမံကိန်းကြီးများ တည်ဆောက်ရေး အထူးအဖွဲ့(၁)နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက ၂၈-၄-၂၀၁၀ရက်နေ့မှစ၍ စီမံကိန်းကို စတင် အကောင်အထည်ဖော်ခဲ့ပြီး သတ်မှတ်ကာလအတွင်းပြီးရန် အစွမ်းကုန်ဆောင်ရွက်နေပါကြောင်း" စသည်ဖြင့် ပြောပြသည်။

အဆိုပါ ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းကြီးတွင် ပေ ၅၀နှင့် ပေ ၁၈၀ကြား တံတား ငါးစင်း၊ ပေ ၅၀ တံတားနှစ်စင်း၊ ပေ ၃၀ တံတား ငါးစင်း၊ ပေ ၂၀ တံတား ကိုးစင်း၊ ရေထုတ်ပြွန်ငယ် ၃၄စင်း ပါဝင်ပြီး ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းမြင့်မွန် ဦးဆောင်သော တံတားအထူးအဖွဲ့(၅)နှင့် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)တို့က တာဝန်ယူ၍ တည်ဆောက်နေခြင်းဖြစ်သည်။

သွားလာနိုင်

မကြာသော ကာလအတွင်း၌ ပဲခူးရိုးမကြီးကိုဖြတ်၍ ကိုးပင်မှ သာဂရစက်မှုနယ်မြေသို့ ရောက်ရှိမည့် ရိုးမဖြတ်လမ်းကြီး နောက်ထပ်တစ်လမ်း ပြီးစီးတော့မည်ဖြစ်သည်။ သည်လမ်းကြီးပြီးသွားလျှင် ရိုးမကြီးခြား၍ နှစ်ပေါင်းများစွာ ဆုံစည်းခွင့်မရခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများလည်း အချင်းချင်း ဆုံစည်းကြရပြီး ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ချစ်ချစ်ခင်ခင်ဖြင့် တစ်ဦးထံတစ်ဦး အစဉ်သဖြင့် သွားလာနိုင်ကြတော့မည် ဖြစ်သည်။

ကိုးပင်-သာဂရ ရိုးမဖြတ်လမ်းမှ အကျယ်ချဲ့ထားသော မြေသား လမ်းမကြီးကို တွေ့ရစဉ်။

ဤသို့ဖြင့် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း၊ ကိုးပင်-သာဂရလမ်း၊ ပြည်-ပေါက်ခေါင်း-အုတ်တွင်းလမ်း၊ ချောင်းနက်-တောင်ညို - နေပြည်တော်လမ်း၊ မကွေး - ကံပြား - မြို့သစ်လမ်း၊ တောင်ညို-နေပြည်တော်လမ်း၊ နတ်မောက်-ပျော်ဘွယ်လမ်းဟူသည့် လမ်းမကြီးခုနစ်လမ်းကို ပဲခူးရိုးမကြီးပေါ်မှ ဖြတ်သန်းဖောက်လုပ်လျက် ရိုးမကြီးအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖန်တီးလိုက်ပြီး ရိုးမကိုအောင်မြင်မှု ရယူလိုက်သည်။

ထို့ကြောင့် ကျွန်တော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ စွမ်းဆောင်မှုကို "လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း" ဟု မှတ်တမ်းပြု တင်စားရေးသားလိုက်ခြင်း ဖြစ်ပါတော့သည်။ ။

သဘာဝကျွန်းတောကြီးမှ အဖိုးတန်ကျွန်းပင်ကြီးများကို ကိုးပင်-သာဂရလမ်းမကြီးအနီး ဖိုးကျားရွာ၌ ဤသို့ တွေ့ခဲ့ရသည်။

ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ရေဝတီတံတား (ပခုက္ကူ)၏ ပခုက္ကူဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ အထူးစီမံကိန်းကြီးအဖွဲ့(၂) ပခုက္ကူဘက်ကမ်းမှ အင်ဂျင်နီယာချုပ် ဦးရွှေလေးက တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တံတားကြီးကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးမှာကြားကာ တံတားတိုင်များတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လက်ပံခြေပေါ်ဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားသံပေါင်များ တပ်ဆင်ရန် ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ခံအင်ဂျင်နီယာများအား တံတားသံပေါင်များ တပ်ဆင်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

တပ်ကုန်း ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ချီးမြှင့်သော အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီရုံး၌ ကျင်းပရာ အခမ်းအနားတွင် နေပြည်တော်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲညွှန့်က အမှာစကားပြောကြားသည်။

ချီးမြှင့်ထောက်ပံ့

ဆက်လက်၍ ထောက်ပံ့ငွေရရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၅ ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ကြီးမှူးဖွင့်လှစ်သော စစ်မှုထမ်းဟောင်း အဆင့်မြင့် စည်းရုံးရေးသင်တန်းကျောင်း(မကွေး)တွင် တက်ရောက်ခဲ့ပြီး ထူးချွန်ပထမဆုရရှိခဲ့သော တပ်ဖွဲ့ဝင်သင်တန်းသား နှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့်လည်းကောင်း နေပြည်တော်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲညွှန့်က ချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့)

စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ကျောက်တန်း၌ဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၆

ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်က ပန်းတောစံပြကျေးရွာ အလကနှင့် မြိုင်သာယာစံပြကျေးရွာ အလကတို့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီးများက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအကြောင်းကို ဟောပြောပြီး **(အပေါ်ပုံ)** မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးထွန်းရှိန် (သန်းဝင်းရှိန်)က စာဖတ်ခြင်းမှ ရရှိသော အကျိုးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (မှော်ဝန်းဝင်းမြတ်)က အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်မြင့်မားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်နီမှိုင်း (ကျောက်တန်း)က လက်ဆောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊မောင်ရေချမ်း(ကျောက်တန်း)က ခလုတ်မထိ ဆူးမငြိပါစေနှင့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သန်းဝင်းထွန်း(ဆွာ)က စိတ်ထားမွန်မြတ် ဂုဏ်ယူတတ်ပါစေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ရင်မွှေး(မှော်ဝန်း)က မင်္ဂလာပါတပည့်တို့ ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ငွေနှင့် စာရေးဆရာ သန်းဝင်းရှိန်တို့က ကျောင်းစာကြည့်တိုက်များအတွက် စာအုပ် စာစောင်များကို ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မူလတန်းလွန်ကျောင်း အမှတ်(၁)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် ပထမဆုနှင့် အင်္ဂလိပ်စာ ထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မောင်ဝင်းထက်မိုးဇော်ဟိန်းအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း စာတည်းထံပေးစာများ

တိုက်ခန်းအဖီများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား -

ကမာရွတ်မြို့နယ် (၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာရှိ အချို့သော မြေညီ တိုက်ခန်းများသည် ရေစီးမြောင်းနှင့်ပလက်ဖောင်းပေါ်အထိ ကျူးကျော်အဖီများထုတ်၍ အခိုင်အမာတည်ဆောက်ထားခြင်းကြောင့် မြောင်းပိတ်ကာခြင်၊ ယင်ပေါများခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါ၍ အဆိုပါကျူးကျော်အဖီများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရာနေထိုင်သူများ။

စည်းကမ်းမဲ့ဈေးသည် ဖယ်ရှားပေးပါ

စာတည်းရှင် -

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်သိဒ္ဓိလမ်းအတွင်းရှိ အိမ်အချို့၏ ခြံစည်းရိုးအပြင်ဘက်၌ သားစိမ်း၊ ငါးစိမ်းသည်များအပါအဝင် ဈေးသည်များ စည်းကမ်းမဲ့ ငှားရမ်းရောင်းချလျက်ရှိရာ ပတ်ဝန်းကျင် နေသူများမှာ သားငါးညှီနံ့များနှင့် စွန့်ပစ်အမှိုက်များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ။

ရေပုပ်အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား -

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် တပ်ကုန်းဘူတာအနီးရှိ စားသောက်ဆိုင်မှ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်းမရှိသဖြင့် ရေပုပ်ရေဆိုးများအနံ့ကြောင့် ကျန်းမာရေးထိခိုက်လျက်ရှိရာ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး။

ကားဘော်ဒီရုံ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား -

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ခိုင်ရွှေဝါ ဗဟိုလမ်း အမက (၁၅) ကျောင်းဘေးတွင် ကားဘော်ဒီရုံဝပ်ရှော့ လုပ်ကိုင်နေပါသဖြင့် ကားဘော်ဒီထုရိုက်သံများ၊ ဆေးမှုတ်နံ့များ၊ ဂဟေဆော်အနံ့များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် ရပ်ကွက်အတွင်းမှ ကားဘော်ဒီရုံ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ။

ကျူးကျော်အိမ် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား -

သဃ်ၤန်းကျွန်းမြို့နယ် ဆ/ကရပ်ကွက် ကျိုက္ကဆံဘုရားလမ်းမကြီးပေါ်ရှိ တိုက်ခန်းတွဲတိုက် တစ်တိုက်၏ အနောက်ဘက်ရှိ မိလ္လာကန် မြေနေရာနှင့် နောက်ဖေးလမ်းကြားမြေနေရာများတွင် နေအိမ် ကျူးကျော်တည်ဆောက်ထားရာ မီးရေး၊ ထင်းရေးကိစ္စများအတွက် အခက်အခဲဖြစ်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ။

သားသတ်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းရှင် -

မွန်ပြည်နယ် ပေါင်မြို့နယ် နတ်မှော်ကျေးရွာ အနောက်လမ်း အပိုင်း(၂) ခြံအချို့တွင် နွားများကို နေ့စဉ် စည်းကမ်းမဲ့ သတ်ဖြတ်ခြင်း၊ အညစ်အကြေးများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါ သားသတ်လုပ်ငန်းအား သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

နတ်မှော်ရွာသူတစ်ဦး။

သားသတ်ရုံမှ အနံ့ဆိုးများ ကျန်းမာရေးထိခိုက်ရနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီး

၁၃-၁၂-၂၀၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ကွင်းကျောင်းလမ်း အပိုင်း(၉) ခြံတစ်ခြံတွင် နွားမွေးမြူခြင်း၊ သားသတ်ခြင်း၊ သားရေသိုလှောင်ခြင်းများကြောင့် ပတ်ဝန်းကျင်ကို ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

သစ်ခွဲစက်သံ နားမခံနိုင် ဆောင်ရွက်ပြီးစီး

၁၃-၁၂-၂၀၁၀ ရက်တွင် မြန်မာ့အလင်းသတင်းစာပါ **ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ (၅) လမ်းရှိ သစ်စက်တစ်စက်မှ သစ်ခွဲစက် ဆူညံသံ ပတ်ဝန်းကျင်ပြည်သူများ နားမခံနိုင်**ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက် လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဒေးဒရဲမြို့နေ
ဦးဝင်းထိန် (ကျောင်းအုပ်ဆရာကြီး၊ အထက-၁)-ဒေါ်နုနုရည်(အလယ်တန်းပြ)
တို့၏သား

ဗိုလ်ကြီးသက်ထွဋ်ဝင်း

B.Sc (Physics), D.S.A
M.Sc (Engineering Physics, YU)

နှင့်

နေပြည်တော်နေ
ဦးမောင်မောင်သန်း (ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)-ဒေါ်ခင်ငွေးမြင့်တို့၏သမီး

မဆုမွန်မောင်မောင်

B.A (English)
M.A (English, 1st Year, YU)

တို့၏ ၁၅-၁-၂၀၁၁ရက်(စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တိုင်းတရားသူကြီး ဦးမြင့်အောင်အားလည်းကောင်း၊ ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေါ်ချိုပြုံး၊ မင်္ဂလာပန်းကြဲပေးပါသော မသိမ့်သီရိထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မအိမ္ဗွန်ခိုင်ဦး၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးလှိုင်ဝင်းထွန်း၊ ဗိုလ်ကြီးစိုးသူပိုင်၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မဆုမြတ်ပိုပိုခိုင်၊ မဆုဆုဝင်းမင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော May & Marks နှင့် ရွှန်းလဲ့ရွှေရည် လက်ဝတ်ရတနာဆိုင်များအားလည်းကောင်း၊ မိတ်ကပ်အလှပြင်ပေးပါသော ဒီဇင်ဘာနှင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော 7-Picture နှင့် စိုင်းဘုန်းထူးအဖွဲ့အားလည်းကောင်း၊ သတို့သမီးဝတ်စုံနှင့် မင်္ဂလာအခမ်းအနား စီစဉ်ပေးပါသော Marvelous Wedding Planner အဖွဲ့အား လည်းကောင်း၊ မင်္ဂလာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသက်ထွဋ်ဝင်း-မဆုမွန်မောင်မောင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရတနာမြိုင်လမ်း၊ အမှတ် ၂၅နေ
(ဦးအောင်သန်း)-ဒေါ်အေးအေးဝင်းတို့၏သားထွေး

မောင်ညီညီအောင်

DHTB (Temasek Polytechnic, Singapore)
Managing Director (Phu Pwint San Pte., Ltd., Singapore)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြယမုံစမ်းရိပ်မြိုင်၊ အမှတ် ၃၃နေ၊
ဗိုလ်မှူးသန်းအောင်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ညိုညို (ဖူးပွင့်စံ ဆားစက်နှင့် ဖူးပွင့်စံကုမ္ပဏီလီမိတက်) တို့၏သမီးဦး

မဆုဆုစံ

MBA(International), Edith Cowan University, Perth, Western Australia
B.A (English), Dagon University, Yangon, Myanmar
Marketing Director (Phu Pwint Sun Pte.,Ltd., Singapore)

တို့၏ ၁၅-၁-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးငွေးဦးနှင့် ဇနီးဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ၁၄-၁-၂၀၁၁ရက် (သောကြာနေ့)တွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးပါသော သရုပ်ဆောင် ထက်အိကလျာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဆုထက်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုမင်းထက်၊ မင်္ဂလာသတို့သားအရံ မောင်ဟန်လင်းထက်နှင့် မောင်ပြည့်ဖြိုးကျော်၊ မင်္ဂလာသတို့သမီးအရံ မမြတ်သူသူစိုးနှင့် မစိုးစန္ဒီ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော Cupid Music Band တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့် ဆံပင်အလှ ဖန်တီးပေးပါသော ညီညီမောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာ ကောင်းမြတ်၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော ရွှန်းလဲ့ရွှေရည် စိန်ရတနာဆိုင်၊ မင်္ဂလာအခမ်းအနားတွင် ပန်းအလှဆင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုန်ဖိတ်စာနှင့်ပုံနှိပ်တိုက်၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ၁၆-၁-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မချိုသက်ထွန်းအားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ အစစအရာရာ ကူညီပေးကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီညီအောင်-မဆုဆုစံ။

နေပြည်တော်မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
၁၈-၁-၂၀၁၁

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (ဓဇဂ္ဂသုတ်+ဂုဏ်တော်ကွန်ချာ)
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ဘဝအသွင်ကဗျာ့အမြင် (ကိုယ့်အလှ)
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်သားအင်ဥ၊သရက်ချဉ်သုပ်နှင့် ဒန့်သလွန်ရွက်ဟင်းခါး) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ **Talk on Line** (အောင်လ)
- ၁၁း၅၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၄၀ ပြိုးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-ကာယပညာ) တေးပဒေသာ
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ မေတို့တွက်တာအလှကမ္ဘာ (ဆံကေသာ ပုံစံကျနစေဖို့ အထောက်အကူပြု ပုံသွင်းဆေးရည်များ)
- ၁၇း၁၅ ပြောပါရစေရှင် (သံသရာထွက်မြောက်ကြောင်း)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ညနေခင်းတေးပဒေသာ
- ၁၇း၄၅ စူးစမ်းရှာဖွေ ကမ္ဘာမြေ(၄)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ညနေခင်းတေးပဒေသာ
- ၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ ၁။ **Practical English Speaking** (ဦးဝမ်ထိန်) ၂။ **Idioms with parts of the Body** (ဦးသိန်းလွင်) တေးပဒေသာ
- ၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ **(ပယင်းရောင်ရှောင်လျက် ရယ်နဲ့နှောင်ဖွဲ့မိမှား)** နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ သူ့ခေတ်သူ့ခါ တေးကမ္ဘာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ တေးစီးရီး-ဝေးလို့နေလား၊ မေ့လို့နေလား (တေးသံရှင်များ) စီးပွားရေးဦးတည်ချက်
- ၂၀း၃၀ တေးပဒေသာ
- ၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၂၁း၃၀ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

နိုင်ငံတကာအားကစား

နစ္စတယ်ရွိုင်း ရီးရဲမက်ဒရစ်သို့ ပြန်မည်

မက်ဒရစ် ဇန်နဝါရီ ၁၆

ရီးရဲမက်ဒရစ် ကစားသမားဟောင်းနှင့် မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းသည် ဂျာမနီကလပ်ဟမ်းဘာ့ဂ်အသင်းမှ ရီးရဲမက်ဒရစ်သို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်က ဇန်နဝါရီ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ဟမ်းဘာ့ဂ်အသင်းတွင် ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့နေရသော နစ္စတယ်ရွိုင်းအား ဟမ်းဘာ့ဂ်အသင်း၌ ၁၈လကြာ ကစားပြီးနောက် ရီးရဲမက်ဒရစ်ကလပ်သို့ ပြန်လည်ကစားရန် သဘောတူခဲ့ကြသည်။ အသက် ၃၄နှစ်အရွယ်ရှိ နစ္စတယ်ရွိုင်းသည် ၂၀၀၆ခုနှစ်၌ မန်ယူမှ ထွက်ခွာလာခဲ့ပြီး ရီးရဲမက်ဒရစ်၌ ဘောလုံးနှစ်ရာသီတွင် ၆၃ပွဲကစားခဲ့ရာ ၅၈ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ နစ္စတယ်ရွိုင်းသည် ဒူးဒဏ်ရာမကြာခဏရရှိပြီး ခွဲစိတ်ခံထားရသူလည်း ဖြစ်သည်။

(အင်တာနက်)

နစ္စတယ်ရွိုင်း။

ဘာစီလိုနာနည်းပြဂွါဒီယိုလာက မီလီတိုအား ရောင်းရန်ငြင်းဆို



ဂါဘီမီလီတို။

မက်ဒရစ် ဇန်နဝါရီ ၁၆

ဘာစီလိုနာအသင်းမှ နောက်တန်းကစားသမား ဂါဘီမီလီတိုအား ရောင်းချမည်ဆိုခြင်းကို အသင်းနည်းပြ ဂွါဒီယိုလာက ဇန်နဝါရီ ၁၅ရက်တွင် ငြင်းဆိုလိုက်သည်။

မီလီတိုနှင့်အတူ နောက်တန်းဗဟိုခံစစ် ကစားသမားနှစ်ဦးဖြစ်သော ကားလက်ပူရီးနှင့် ဂါးရတ်ပစ်ကီ တို့လည်း ဘာစီလိုနာအသင်းမှ ထွက်ခွာသွားဖွယ်ရှိပြီး ထိုကဲ့သို့သော အရေးပေါ်အခြေအနေမျိုးတွင် အသင်းကို ထိန်းထားနိုင်ရန် လက်ဝဲစွန်နောက်တန်းကစားသမား အမ်းရစ်အဘီဒယ်တစ်ဦးသာရှိသည်။

ဘာစီလိုနာအသင်းသည် ကိုပါလီဂါနှင့် ချန်ပီယံလိဂ်ပွဲများကို ဆက်လက်ကစားရန်ရှိနေပြီး မီလီတိုအား ရောင်းပါက ကျန်ရှိသော အားကစားရာသီတွင် အခက်အခဲများ ကြုံတွေ့ရနိုင်သည်။ သို့သော် မီလီတိုသည် အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း နည်းပြဂွါဒီရိုယိုလာက ပြောကြားသည်။

(အင်တာနက်)

လီဗာပူးတို့အိမ်ကွင်း၌ သရေကျပြီး မန်ယူတို့လည်း ဂိုးမရှိ သရေကျခဲ့

မောင်ချစ်ကြည် ရေးသားသည်

လန်ဒန် ဇန်နဝါရီ ၁၆

ပရီမီယာလိဂ်ပွဲစဉ် ၂၃ကို ဇန်နဝါရီ ၁၆ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် အဲလ်ဗာတန်တို့ပွဲတွင် နှစ်ဂိုးစီသရေပွဲဖြစ်ပြီး စပါးနှင့် မန်ယူတို့ပွဲတွင်လည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

လီဗာပူးနှင့် အဲလ်ဗာတန်

အိမ်ကွင်း၌ တောရက်စ်နှင့် ဒရက်ကွတ်တို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သော လီဗာပူးသည် အဲလ်ဗာတန်ကို ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ လီဗာပူးတို့အကြိမ် ၂၀ ကျော် ဂိုးသွင်းခွင့်ရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ၁၁ ကြိမ်ခန့် ရရှိခဲ့သော်လည်း အဲလ်ဗာတန်ဂိုးသမား တင်ဟောင်းဝပ် ကာကွယ်နိုင်ခဲ့သဖြင့် နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ လီဗာပူးအတွက် ၂၉ မိနစ်၌ မီရီလက်စ်က တစ်ဂိုး၊ ဒရက်ကွတ်က ၆၈ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် တစ်ဂိုးသွင်းယူခဲ့သည်။ အဲလ်ဗာတန်အတွက် ချေပဂိုးများကို ဒစ်စတင်က ၄၆ မိနစ်၌ တစ်ဂိုး၊ ၅၂ မိနစ်၌ ဘက်ဖို့ဒ်က တစ်ဂိုးသွင်းယူခဲ့သည်။ ထို့ကြောင့် လီဗာပူးတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။

သရေပွဲ

စပါးနှင့် မန်ယူတို့ပွဲတွင် မန်ယူတို့ နိုင်ပွဲရရှိရေးကြိုးစားသော်လည်း စပါးတို့က အိမ်ကွင်း၌ မာမာတင်းတင်း ကစားခဲ့သဖြင့် မန်ယူတို့ တစ်ဦးအထုတ်ခံရပြီး ကိုးဦးတည်းဖြင့် သရေပွဲ ဖြစ်အောင် ကြိုးစားကစားခဲ့ရသည်။

အခြားပွဲရလဒ်

ဘာမင်ဂန် ၁ - ၁ ဗီလာ
ဆန်းဒါးလန်း ၁ - ၁ နယူးကာဆယ်

(အင်တာနက်)

မန်ယူအတွက် ဖရက်ချာ(ယာ) က ဤသို့ထိုးဖောက်ကစားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာ

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက်ပြင်ဆင်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကိုသေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခုပါရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် မခြွင်းမချန်သိရှိထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအင်္ဂလိပ်စာဘာသာရပ်အတွက်မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်းပုံစံတွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

__မေးခွန်းနံပါတ်(၁)__ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကိုပေးထားပြီး၊ အဲဒီစာပိုဒ်ရဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က **Write the correct word or words to complete each sentence.** ဖြစ်တယ်။ ပေးထားတဲ့ စာကြောင်းကိုအဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံးစကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ရချင်မှ ရမယ်။ ပေးထားတဲ့ ဝါကျရဲ့တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။ ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့် မေးခွန်းမှာ Perishable foodstuffs _____ different ranges of temperature. လို့ ပေးထားရင်၊ ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်းပြန်ကူးရေးလို့ မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင် လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့်၊ မေးထားတဲ့ စာကြောင်းက People _________ robots in the process for the painting, welding and assembly of the car. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ **Answer each question in one sentence.** ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခု မေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာ ဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းကလိုအပ်တဲ့အဖြေက အကြောင်းအရာ(content)ရော၊ သဒ္ဒါ (grammar)ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ ပေးထားပြီး While silling before the mirror what did Jenny Tier Bishop do? လို့ မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက်၊ အဖြေကလည်း past tense verb ကို ပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ထိထိမိမိ မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

__မေးခွန်းနံပါတ်(၂)__မှာ ပေးထားတဲ့ မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀) ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာရေးရမှာ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက်ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း အများကိန်း မှားမသွားဖို့၊ plural number noun ဖြစ်ရမှာကို ‘s’ ကျန်ခဲ့တာမျိုး မဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လည်း လိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတို့ရဲ့ reading skill ဆိုတဲ့ စာဖတ်ပြီး နားလည်နိုင်မှုစွမ်းရည်နဲ့ grammar သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှု အပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် passages တွေကို နားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေဖြစ်အောင် ကွက်လပ်တွေမှာပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင်ကြိုးစားရမယ်။

__မေးခွန်းနံပါတ်(၃)__ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှု စွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံ ဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့ မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုကတော့ ကဗျာ (၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူများရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည် ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းအမှားအယွင်းမရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင် 1. Looking good does not mean making yourself into ______ of a famous pop star. 2. Bangkok is the capital of Thailand and is regarded as a ________ paradise. 3. The little frog become a bird,

And slowly ___________. ဆိုတဲ့ မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ်(၂)မှာတော့ shopper’s ဆိုတဲ့ စကားလုံးတစ်လုံးပဲ လိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက flew away စကားလုံး နှစ်လုံး လိုမှာဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုတည်းရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

__မေးခွန်းနံပါတ်(၄)__ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိမရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

__မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2__ ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ် မေးထားတာပဲ ဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့ မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဥပမာ IV. 1. What could robots, used in factories do if there were any problems? (OR) Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။ ပထမမေးခွန်းကိုရွေးပြီး ဖြေမယ်ဆိုရင်အဖြေက Robots, used in factories could ring up the/their supervisor and ask for help. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it by the time when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ဖို့ Unit (၁၄)ခု စလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

__ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4__ မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? Which story are the words from? ဥပမာ Who said these words and to whom were they said? Which story are the words from?

“Soon after the two of you left, I build a fire.” အဖြေက The man of music and dancing said these words to his friends, the philosopher and the medico, Mr Keller. The words are from “Too Much knowledge Maketh fools.” သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ Who said these words and to whom were they said? What do they mean?

‘John, help me with this. I’m so clumsy.’ လို့မေးရင် အဖြေက Jenny Tier Bishop said these words to her husband, John Bishop. They mean that when Jim Bishop gave his mother a pair of diamond earrings, she asked her husband, John Bishop to help her open the plushy box, containing the diamond earrings and screw them onto her earlobes because she was clumsy and had been blind.

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ this စတဲ့ စကားလုံးတွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates <u>her</u> human targets by following the carbondioxide that we exhale. လို့ မေးရင်အဖြေက The title of the unit from which the sentence is taken is ‘Mosquito: Getting to Know the Enemy.’ The word underlined in the sentence refers to ‘the female mosquito’s.’ လို့ ဖြေရပါမယ်။ ဒါမှမဟုတ် နောက်တစ်မျိုး မေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is ‘Too Much Knowledge Maketh Fools. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to it. လို့ ဖြေရပါမယ်၊ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။

__ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5__ ကတော့ ကဗျာတွေထဲက စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့ မေးမှာဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ၊ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

17-1 (15).pmd 1 1/17/2011, 2:43 AM

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-
တင်ဒါအမှတ်-၄၂/၄၃/မမ/ပတ/(CE/MT) (2010-2011)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Riveting Hammer & Dolley with Snap Piston Complete Set for 3/4" & 7/8" Dia	20-Sets
2.	Tyre ဆိုက်စုံ (12)Items	380-Nos

တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၂-၂၀၁၁ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၁-၂၀၁၁ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၉၄။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
သင်တန်းသားခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံသို့ **Employment Permit System (EPS)** ဖြင့်သွားရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ **EPS-Korea** ဘာသာစာမေးပွဲဖြေဆိုနိုင်ရန်အတွက် ကိုရီးယားဘာသာသင်တန်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှကြီးမှူးပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ ကိုရီးယားဘာသာသင်တန်းကို အောက်ပါအရည်အချင်းရှိသူများ တက်ရောက်နိုင်ပါသည်-
(က) အသက် (၁၈)နှစ်မှ (၃၅)နှစ်အရွယ်ရှိ မြန်မာနိုင်ငံသား အမျိုးသားများဖြစ်ရမည်။
(ခ) ကျန်းမာသန်စွမ်းရမည်။
(ဂ) အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်ရမည်။
၃။ သင်တန်းတက်ရောက်လိုသူများသည် အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်။
ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)
အမှတ် ၂၉၈၊ မြနန္ဒာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၅၆၄၇၇၃၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။

ဈေးပြိုင်အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းပိုင် ဖောက်စ်ဝက်ဂွန်-၁၆၀၀ပစ်ကပ် ယာဉ်အမှတ် အ/၆၀၁၆ အား မျက်မြင်အနေအထားအတိုင်း အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၁ ရက်မှ ၃၁-၁-၂၀၁၁ ရက်အထိ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၁၁ ရက် ညနေ ၄ နာရီ
(ဂ) **ရောင်းချမည့်နေရာ** - အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း
(ဃ) **လျှောက်လွှာပုံစံတစ်စောင်နှုန်း-** ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)
၂။ အသေးစိတ်အချက်အလက်များသိလိုပါက ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ဖုန်း-၀၁-၆၅၀၀၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
လေလံတင်ရောင်းချရေးအဖွဲ့
ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း။

စာမျက်နှာ ၁၅ မှအဆက်

ဥပမာ What do these lines mean?

I shot an arrow into the air ————

It fell to earth, I knew not where; ဆိုတဲ့ ကဗျာထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီကဗျာနှစ်ကြောင်းရဲ့ စကားပြေကိုပြန်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာ ဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် ဖတ်ရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါ မှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်လို့ မဖြေနိုင်ဘူးဆိုပြီး မဖြေဘဲ မထားခဲ့ပါနဲ့။ အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက် ရပါတယ်။ ဥပမာ၊ Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ ပေးထားပြီး How can we prevent malaria? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ် စစ်ဆေးမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူများ လွယ်လွယ်ကူကူ ဖြေဆိုနိုင်ဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation ဆိုတာ ဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်း များများလုပ်ပေးဖို့ လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။ ဥပမာ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် she is different i said but she doesn't have language. ဥပမာ ဖတ်စာအုပ်ထဲမှာ ပေးထားတဲ့ စာကြောင်းတစ်ကြောင်း ကြည့်ရအောင် she is different I said but she doesnt have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ ရေးထားတဲ့ဝါကျ ဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ "I" ဖြစ်လို့ Capital letter နဲ့ ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma (") ရှိရပါမယ်။ 'I' က ပြောတဲ့အကြောင်းအရာနှစ်ခုက 'I' ရဲ့ တစ်ဖက်တစ်ချက်မှာရှိနေတာ တွေ့ရပါမယ်။ 'I' က ပြောတဲ့စကားလုံးတွေက she is different နဲ့ but she doesn't have language ဖြစ်လို့ 'I' က ပြောတဲ့ စကားတွေရဲ့အစမှာ open inverted commas (") ရှိပြီး၊ သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas (") ရှိရပါမယ်။ She is different ဆိုတဲ့ I က ပြောတဲ့ ပထမအကြောင်းအရာရဲ့နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကို ကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး။ does နဲ့ not ကို အတိုကောက် (contracted form) နဲ့ ရေးတာဖြစ်လို့ 'n' နဲ့ 't' ကြားမှာ apostrophe (') ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစကို capital letter နဲ့ စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ ဝါကျတစ်ကြောင်းလုံးကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း(၁၀)ခု ရှိပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်းနှစ်ပိုင်း ပါဝင်ပါတယ်။ **မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A** က Stylistic Transformation လို့ ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း (၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ ဝါကျတွေပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ အများကြီးပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေ များများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှ မစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ဆိုပြီး ရွေးစရာ(၂)ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကိုရွေးပြီး ရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာ မို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ Question VII B. ကို ဖြေတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူတော်တော်များများက အားနည်းတာကိုတွေ့ရတယ်။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ The Moon အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- moon - much smaller - earth
- no water - on moon လို့ ပေးထားတယ်ဆိုပါစို့။

အဲဒီဝါကျမှာ moon တို့ earth တို့ကို definite article "the" နဲ့ သုံးရပါမယ်။ ပြီးတော့အဲဒီဝါကျမှာ verb မရှိသေးလို့ ထည့်ပေးရမယ်။ လဟာ ကမ္ဘာထက်သေးတယ်လို့ အဓိပ္ပာယ်ရလို့ လိုအပ်တဲ့ verb က verb to be ဖြစ်တဲ့ is လိုပါမယ်။ ဒါကြောင့် moon - much smaller - earth ကို ပြန်ရေးရာမှာ The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ ပြီးတော့ smaller ဆိုတဲ့ comparative degree adjective သုံးထားတဲ့အတွက် than ဆိုတာ မဖြစ်မနေ နောက်ကလိုက်ရပါမယ်။ ဒါကြောင့် The moon is much smaller than the earth လို့ ပြန်ရေးတတ်ရမယ်။ နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင်ပေးထားတဲ့ prompts တွေက no water – on moon လို့ ပေးထားတယ်။ ဆိုလိုတာက လပေါ်မှာ ရေမရှိဘူးလို့ဆိုလိုတဲ့အတွက် ရှိခြင်း(existence)ကို ပြဖို့ There is သို့မဟုတ် There are ဝါကျပုံစံ သုံးရမယ်။ ဒီမှာ subject က water ဖြစ်လို့ "is" ဆိုတဲ့ singular verb ကို သုံးမယ်။ ပထမဝါကျမှာလိုပဲ moon ကို ပြန်ရေးရင် definite article "the" လိုပါတယ်။ ဒါကြောင့် no water - on moon ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ There is no water on the moon လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။ prompts တွေကို ဝါကျဖြစ်အောင် ပြန်ရေးရာမှ ဖြည့်ရေးတဲ့စကားလုံးတွေကို မျဉ်းသားစရာမလိုကြောင်းလည်း သတိပေးလိုပါတယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ-(၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ သိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲ ဆိုတာကြည့်ပါ။ (၃) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာတစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ ဥပမာ ဒီမေးခွန်းကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him the kind of exercises you do in studying English and how much time you spend on studying English every day. ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him the kind of exercises you do in studying English နဲ့ how much time you spend on studying English every day ဆိုတဲ့ အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင် ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ ရေးရမယ့် အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာအားလုံး ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းအောင် ရေးနိုင်ဖို့

(1) Organization- ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(2) Relevancy- သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(3) Content- အချက်အလက် မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(4) Language- အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံး ဝေါဟာရတွေ မှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

(5) Presentation- တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရပါမယ်။

ပေးစာရေးရာမှာ ဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅မျက်နှာ ၆မျက်နှာလောက်ရေးခြင်း၊ စာစီစာကုံးကိုလည်း ၁၀မျက်နှာ ၁၂မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှု မရှိခြင်း၊ ဆက်စပ်မှုမရှိခြင်းတို့ကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့ အကြောင်းအရာက တစ်ချက်လား နှစ်ချက်လားဆိုတာ သေသေချာချာ ဖတ်ပါ။ ဥပမာ စာစီစာကုံးခေါင်းစဉ် Enjoyable hobbies ရေးခိုင်းရာမှာ ပျော်ရွှင်စရာကောင်းတဲ့ hobbies ဖြစ်ရမယ့်အပြင် အရေအတွက်တစ်ခုထက်မကတဲ့ hobbies အကြောင်းရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ အကြောင်းအရာတစ်မျိုးတည်းကိုပဲရေးပြီး ရေးခိုင်းတဲ့ အကြောင်းအရာ နှစ်မျိုးလုံးမပါဘူးဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ လိုပါတယ်။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားအားလုံး မိမိတို့ ကျက်မှတ်ရမယ့်စာတွေကို ကြိုးကြိုးစားစား ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေ။ ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း

သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြား

ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း သာကေတမြို့နယ်အတွင်း (စံ-၅) ချက်နှင့် ညီညွတ်သော ရပ်ကွက်စာကြည့်တိုက် ၁၉ တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ပရိဝုဏ်ရှိ ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားကာ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

ထူးခြားသည့် ညအပူချိန်များ

၁၆-၁-၂၀၁၁

ပင်လောင်းမြို့	၁ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်